ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၉)

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အောင်မြင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ၂၀၀၀–၂၀၀၁ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အောင်မြင်စွာ အကောင်အထည်ဖော် ပြီးစီးပြီဖြစ်သည်။

တိုင်းပြည်အတွက် အဓိကအရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ အားရဖွယ်အကောင်အထည်ပေါ်လာ အားရဖွယ်ဖွံ့ဖြိုးတိုးတက်မှုများရရှိလာသည်မှာ မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ် အရှိန်အဟုန်မကျစေဘဲ တိုးတက်အောင်မြင်မှုများရရှိအောင် ဆက်လက်ပူးပေါင်းကြိုးစားအားထုတ်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဗဟိုကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၂/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အပိုင်းလိုက်ဖော်ဆောင်

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ၂၀၀၀–၂၀၀၁ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးပြီဖြစ်ကြောင်း၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ညီလာခံကိုယ်စားလှယ်များအပန်းဖြေနိုင်ရေး ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ



ရန်ကုန် ဇွန် ၁၇

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇ နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ အိအိခိုင် ရိုက်ကူးပြီး သရုပ်ဆောင် လွင်မိုး၊နန္ဒာလှိုင်၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦးတို့ ပါဝင်သရုပ်ဆောင်ထားသည့် **“မာယာရထား”** ရုပ်ရှင် ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များကြည့်ရှု အပန်းဖြေ ကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ကြိုးပမ်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသည် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိသော်လည်း ပြည်ပသို့ တင်ပို့နိုင်သည်အထိ ပိုလျှံမှုမရှိသေးသည်ကို တွေ့ရသည်။ ထို့ပြင် မိမိနိုင်ငံရှိ ပြည်သူတစ်ဦးချင်း၏ ဆန်စားသုံးမှုနှုန်းသည် အရှေ့တောင်အာရှနိုင်ငံများ၌ အများဆုံးဖြစ်နေရာ ဆန်စပါးကိုဖြစ်နိုင်သမျှ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားကြရမည် ဖြစ်သည်။ စိုက်ဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသအလိုက် ဆန်စပါး ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မှသာ ပြည်ပသို့ပါ တင်ပို့ရောင်းချလာနိုင်မည် ဖြစ်သည်။

စစ်ကိုင်းတိုင်း ကလေးဒေသသည် ချင်းပြည်နယ်၏ တံခါးဝဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံနှင့် ဆက်စပ်နေသော နယ်စပ်ဒေသဖြစ်၍ နိုင်ငံတော်အတွက် အချက်အချာကျသောဒေသ ဖြစ်သည်။ ထို့ပြင် ကလေးချိုင့်ဝှမ်းဒေသသည် စိုက်ပျိုးရေးအတွက် ရေခံမြေခံကောင်းမွန်သည့်ဒေသဖြစ်၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အားကောင်းပြီး ဆန်ပိုလျှံသောဒေသလည်းဖြစ်သောကြောင့် ချင်းပြည်နယ်အတွက် လိုအပ်သောစားနပ်ရိက္ခာကို ယင်းဒေသက ပံ့ပိုးထောက်ကူလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇွန်လ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း ကလေးမြို့ အောင်ဆန်းခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းလိုအပ်ချက်များကို မေးမြန်း စိစစ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင်–

“စိုက်ပျိုးသူ တောင်သူလယ်သမားများသာမက စိုက်ပျိုးရေးနှင့် ဆက်စပ်တာဝန်ရှိသော မိမိတို့ နိုင်ငံ့ဝန်ထမ်းအားလုံးကလည်း စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းကူညီ အားပေးလုပ်ဆောင်ရမှာဖြစ်သကဲ့သို့ စိုက်ဧက၊ အထွက်နှုန်း စသည့် လယ်ယာကိန်းဂဏန်းများ တိကျမှန်ကန်စွာ ပြုစုရေးလုပ်ငန်းကိုလည်း အလေးထားရန်လိုကြောင်း၊ စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရန် မိုးစပါးစိုက်ဧကကို ဧကသိန်း၂၀ အထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းချက်ပေးထားပြီးဖြစ်ရာ ယင်းရည်မှန်းချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း” ဆွေးနွေးမှာကြားသည်။

ကုန်ထုတ်လုပ်မှုတိုးတက်မှသာ စီးပွားရေးဘဝ တိုးတက်မြင့်မားလာမည်ဖြစ်၍ မြို့နယ်အဆင့်တာဝန်ရှိသူများက အောက်ခြေကျေးရွာများအထိ ကွင်းဆင်းကြပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပေးကြရမည် ဖြစ်သည်။ အထူးသဖြင့် မြို့နယ်အဆင့်သည် အခြေခံအကျဆုံးအဆင့်ဖြစ်၍ မြို့နယ်အဆင့်ရှိ ဝန်ထမ်းအားလုံးက လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာ၌ ဝီရိယအားအပြင် စေတနာအားပါ ပေါင်းစပ်၍ ထိထိမိမိ လုပ်ကိုင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက လိုအပ်သော ဆည်တမံများအပါအဝင် စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ လမ်း၊တံတား အခြေခံများ၊ ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ စာသင်ကျောင်းများမှအစ တက္ကသိုလ်၊ ကောလိပ်အထိ ရင်းနှီးမြှုပ်နှံ ထူထောင်ပေးထားပြီးဖြစ်ရာ စစ်ကိုင်းတိုင်း ကလေးခရိုင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံ တိုင်းရင်းသားပြည်သူများက မိမိတို့၌လည်း တာဝန်ရှိသည်ဟူသည့် အသိစိတ်ဓာတ်ဖြင့် ပါဝင်ကြိုးပမ်းသွားကြရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၈–၆–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)မြန်မာစာ (အထူးပြုအားလုံး)
(ခ)သြဝါဒထူးပျို့
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာရွှေအိုး”**(အပိုင်း–၆)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း–၂၈)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်

ရန်ကုန် ဇွန် ၁၇

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အကြောင်း သိကောင်းစရာများကို အပတ်စဉ် စနေနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် အသံလွှင့်လျက်ရှိသည်။ လစဉ်ပြုလုပ်လျက်ရှိသော ASEAN Radio Quiz ပြိုင်ပွဲများမှ ဇွန်လအတွက် ပြိုင်ပွဲများကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်မည်ဖြစ်၍ ဖြေဆိုလိုသူများသည် နံနက် ၉ နာရီခွဲအရောက် မြန်မာ့အသံသို့ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို ပညာအရည်အချင်း၊ အသက်အရွယ်ကန့်သတ်ချက်မရှိ ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် ထိုက်တန်သော ဆုကြေးနှင့် စရိတ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇွန် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

	အမည်၊ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးရဲဖုန်းမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ခ)	ဗိုလ်မှူးကြီးအောင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန

ရာသီဥတုခန့်မှန်းချက်

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးပြတ်တောင်းရွာပြီး ခေတ္တမျှ မိုးကြီးမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ပေါင်းလောင်းမြစ် လူကူးတံတားဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၁၇

မန္တလေးတိုင်း ပျဉ်းမနားမြို့ စည်ပင်ကြီးကျေးရွာ ပေါင်းလောင်းမြစ် လူကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၈ နာရီက အဆိုပါတံတားတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရမည်းသင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် ဒေသခံပြည်သူများကိုယ်စား ဦးဇော်တင့်တို့က ပေါင်းလောင်းမြစ် လူကူးတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဒေသခံကျောင်းသား ကျောင်းသူလေးများက ပေါင်းလောင်းမြစ် လူကူးတံတား ကမွည်းမော်ကွန်းကျောက်စာတိုင်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် အခမ်းအနားကို ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားပြီး တံတားဖြစ်မြောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေးက တံတားတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အကုန်အကျခံတည်ဆောက်ခဲ့

အဆိုပါ စည်ပင်ကြီးကျေးရွာ ဒေသဖွံ့ဖြိုးရေး ပေါင်းလောင်းမြစ် လူကူးတံတားမှာ အရှည် ၅၈၅ ပေ အကျယ် ခြောက်ပေနှင့် တံတားအမြင့် ၁၂ ပေရှိ သစ်သားတံတားဖြစ်ပြီး အလှူရှင်များနှင့်ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၅၁၃၀၀၀၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း

ဇွန် ၁၄ ရက်နံနက် ၁၁ နာရီက တိုင်းမှူးသည် ပျဉ်းမနားမြို့ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းတာဝန်ခံ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ညွှန်ကြားရေးမှူး ဦးဇော်တာနှင့် ရေအားလျှပ်စစ်လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်တို့က တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေအားလျှပ်စစ်စက်ရုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း ပင်မတမံကျောက်သားလုပ်ငန်းနှင့် မြေသားလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေအားလျှပ်စစ်စက်ရုံအတွင်း တာဘိုင်အမှတ်(၃)နှင့် အမှတ်(၄) တပ်ဆင်ပြီးစီးမှု၊ ဓာတ်အားပေးကြိုးများ တပ်ဆင်သွယ်တန်းထားမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူတည်ဆောက်ပြီးစီးပြီး မကြာမီဖွင့်လှစ်တော့မည့် ခဝါရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

❍ ကျောဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကိုချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်ကြီး ငါးရပ်နှင့်အညီ မြို့နယ်တာဝန်ရှိသူအဆင့်ဆင့်ကလည်း ကျေးလက်ဒေသအောက်ခြေအထိ ကွင်းဆင်းပြီး ပကတိအခြေအနေများကို လေ့လာကာ မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ကျေးလက်ဒေသစီးပွားရေးကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၀၄–၂၀၀၅ခုနှစ်၌ ရခိုင်ပြည်နယ်တွင် မိုးစပါးစိုက်ဧက ၁၀သိန်းစိုက်ပျိုးနိုင်ရန် လျာထားရာ တောင်ကုတ်မြို့နယ်အနေဖြင့်လည်း သတ်မှတ်လျာထားချက်နှင့်လျာထားချက်ကို ကျော်လွန်အောင် စိုက်ပျိုးရန်လိုကြောင်း။

စီးပွားဖြစ်စိုက်ပျိုး

ရခိုင်ပြည်နယ်သည် ငရုတ်ကောင်းကို အများဆုံးစိုက်နိုင်သောပြည်နယ်ဖြစ်သည်နှင့်အညီ သဘာဝနည်းဖြင့် တောထဲတောင်ထဲတွင် မိရိုးဖလာတွယ်ကပ်စိုက်ပျိုးခြင်း၊ အိမ်ခြံဝိုင်းများတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျခြံကျယ်များဖြင့် စီးပွားဖြစ်စိုက်ပျိုးခြင်းစသည်ဖြင့်ငရုတ်ကောင်းကို နည်းလမ်းသုံးသွယ်ဖြင့် တိုးချဲ့စိုက်ပျိုးရန်လိုကြောင်းဖြင့် ပြောကြားသည်။

တိုးတက်ပြုပြင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပန်းတောင်း–တောင်ကုတ်ကားလမ်း၏ မိုင်တိုင်အမှတ် ၁၀၂မိုင် ၂ဖာလုံမှ မိုင်တိုင်အမှတ် ၅၉မိုင်အတွင်းရှိ အရှည် ၄၃မိုင် ၂ ဖာလုံလမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ခဝါရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၂)က တာဝန်ယူတည်ဆောက်ပြီး မကြာမီဖွင့်လှစ်တော့မည့် ခဝါရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ခဝါရေလှောင်တမံ၏ ရေပိုလွှဲ၊ ရေထိန်းမျှော်စင်နှင့် ရေထုတ်ပြွန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြည်တော်သာရေနုတ်မြောင်း

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ပန်းတောင်းမြို့အတွက် ဝန်လိုကွင်း တွင် မိုးစပါးရေကြီးကွင်းများအား ရေတော်မိုးတော်စိုက်ပျိုးရေးဧရိယာအဖြစ် တိုးချဲ့ဖော်ထုတ်နိုင်ရေးအတွက် စက်ယန္တရားဖြင့် ပြည်တော်သာ ရေနုတ်မြောင်း တူးဖော်သည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် မိုးစပါး ရေကြီးကွင်း ဧက ၁၄၀၀ အား ရေတော် မိုးတော်စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ၃၉၆ ဧက အသစ်ဖော်ထုတ်စိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ပြည်မြို့ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပြည်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား မီးသတ်ယာဉ်များကြည့်ရှုစစ်ဆေး ပေးပို့ရမည့်ဒေသများသို့ စနစ်တကျအမြန်ပို့ဆောင်ရေးမှာကြား

ရန်ကုန် ဇွန် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန ရုံးချုပ်၌ မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာအရာရှိများ ပြုပြင် တည်ဆောက်ထားသည့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်နှင့် မြေပုံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့များသို့ပေးပို့မည့် တီအီးမီးသတ်ယာဉ်နှစ်စီး၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မီးသတ်တပ်ဖွဲ့သို့ ထုတ်ပေးမည့်တီအီး မီးသတ်ယာဉ်တစ်စီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တာမိုးညဲဒေသ အရန်မီးသတ်တပ်ဖွဲ့သို့ပေးပို့မည့်တီအီး မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်ဦးစီးဌာန (ရုံးချုပ်)တွင် ထားရှိမည့် မီးသတ်ယာဉ်တစ်စီး ပေါင်းငါးစီးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပေးပို့ရမည့်ဒေသများသို့ စနစ်တကျအမြန်ပို့ဆောင်ရေး မှာကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေစစ်ဆေး

ရန်ကုန် ဇွန် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၄ရက် နေ့လယ်ပိုင်းက ချီဖွေမြို့သို့ ရောက်ရှိသည်။ ချီဖွေမှ ဆက်လက်ထွက်ခွာလာရာ လဂွေကျေးရွာသို့ ညနေပိုင်းတွင် ရောက်ရှိပြီး ဒေသမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ လမ်းလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်ထွက်ခွာရာ ပန်ဝါမြို့သို့ ရောက်ရှိပြီး ညပိုင်းတွင် ဒေသမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လမ်းအဆင့်မြှင့်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။ ဆက်လက်ထွက်ခွာရာ လုပ်ပိအမကသို့ ရောက်ရှိပြီး ပညာသင်ကြားမှုနှင့် ဒေသခံတိုင်းရင်းသားများ ကျောင်းတက်ရောက်မှုအခြေအနေအား စစ်ဆေးကာ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဇွန် ၁၆ရက် နံနက်ပိုင်းတွင် မန်တောင်မှ ဆက်လက်ထွက်ခွာလာခဲ့ရာ မံမိန်းသို့ ၇နာရီခွဲတွင် ရောက်ရှိပြီး မန်ဝိန်းဆည် တည်ဆောက်ပြီးစီးမှုနှင့် ဆည်ရေသောက်နိုင်မည့် လယ်ဧက ၅၀၀အနက် လယ်မြေဧက ၉၀ ဖော်ပြီးမှုအခြေအနေအား စစ်ဆေးပြီး **(ဓဲပုံ)** ပွင့်လင်းရာသီတွင် ကျန်လယ်မြေများ ဆက်လက်ဖော်ထုတ်ရေး ညှိနှိုင်းမှာကြားပြီး မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာအစ္စရေးသံအမတ်ကြီးအဖြစ် မစ္စစ်ရုသ်ရှပ်(ဇ်)အား ခန့်အပ်ရန်သဘောတူပြီး

ရန်ကုန် ဇွန် ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသောအစ္စရေး သံအမတ်ကြီး မစ္စတာ ယာကော့ဗ်အဗ္ဗရာ ဟာမီ၏နေရာတွင် မစ္စစ် ရုသ်ရှပ်(ဇ်)အား ခန့်အပ်ရန် သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စစ် ရုသ်ရှပ်(ဇ်)သည် ၁၉၅၀ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ဂျေရုစလင် မြို့ ဟီဘရူးတက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး အရှေ့အလယ်ပိုင်းနှင့် အာရပ်ရေးရာ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၆၈ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ စစ်မှုထမ်းခဲ့သည်။ ၎င်းသည် အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၇၄ခုနှစ်တွင် စတင် ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ စင်ကာပူမြို့ရှိ အစ္စရေးသံရုံးနှင့် ဟူစတန်မြို့ရှိ အစ္စရေးကောင်စစ်ဝန်ချုပ်ရုံးတို့တွင် လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အီဂျစ်ဌာနတွင် သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စစ် ရုသ်ရှပ်(ဇ်)သည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး ၎င်းတွင် သားသမီး သုံးဦးရှိသည်။

(သတင်းစဉ်)

မြန်မာအင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ FCIP နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ Corporate Member ကုမ္ပဏီများမှ ဂဟေဆက် ဝန်ထမ်းများအား ဂျပန်နိုင်ငံသို့ အဆင့်မြင့် ဂဟေဆက်ပုံမှန်သင်တန်းတစ်နှစ်နှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း နှစ်နှစ် စုစုပေါင်း သုံးနှစ် သင်တန်းစေလွှတ်ရေးအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ Fund for Construction Industry Promotion (FCIP) တို့ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၈ရက် နံနက်ပိုင်းတွင် MICT Park အခန်း (၂၀၅)၌ ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန်တိုက်တွန်းချက် ဂျော်ဒန်ငြင်းပယ် အိမ်နီးချင်းနိုင်ငံများ၏တပ်များ အီရတ်၌ဖြန့်ချထားမှုကိုလည်း ကန့်ကွက်

အစ္စတန်ဘူလ် ဇွန် ၁၅

အီရတ်သို့တပ်ဖွဲ့ဝင်များစေလွှတ်ရန် အကြံပြုတိုက်တွန်းချက်ကို ဂျော်ဒန်နိုင်ငံက ငြင်းပယ်လိုက်ပြီး အီရတ်၏ အိမ်နီးချင်းမည်သည့်နိုင်ငံကမဆို တပ်ဖွဲ့များ အီရတ်၌ ဖြန့်ချထားခြင်း ကန့်ကွက်ကြောင်းလည်း ဂျော်ဒန်တရားရေးဝန်ကြီးဆာလီဘာရှီယာက ပြောကြားသည်။

အီရတ်သို့ ဂျော်ဒန်နိုင်ငံက တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း အစ္စလမ္မစ်ညီလာခံအဖွဲ့ (အိုင်အိုစီ) နိုင်ငံခြားရေးဝန်ကြီးများ၏ ဒုတိယနေ့ အစည်းအဝေးတွင်ဂျော်ဒန်အဖွဲ့ခေါင်းဆောင် ဘာရှီယာက ပြောကြားသည်။

အာရပ်နိုင်ငံများသည် နေတိုးတပ်ဖွဲ့များနှင့်အတူ အီရတ်နိုင်ငံတွင် နိုင်ငံစုံတပ်ဖွဲ့၌ ပါဝင်သင့်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဂျာအက်ပ် ဒီဟွပ်ရှက်ဖာ၏ ပြောကြားချက်ကို ဘာရှီယာကတုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ပြောကြား

ထို့ပြင် အီရတ်၏ အခြားအိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အီရန်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယားနှင့် တူရကီနိုင်ငံတို့ကလည်း အီရတ်၏ အိမ်နီးချင်းမဟုတ်သောနိုင်ငံများသည် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်မည် မဟုတ်ကြောင်း အစဉ် နားလည်သဘော ပေါက်ထားကြောင်း ပြောကြားသည်။

ခွင့်ပြုနိုင်

အီရတ်နိုင်ငံသည် အိမ်နီးချင်း အာရပ်နိုင်ငံများမှ တပ်ဖွဲ့များကို ယင်း၏ နယ်မြေပေါ်၌ ခွင့်မပြုသော်လည်း နိုင်ငံစုံငြိမ်းချမ်းမှု ထိန်းသိမ်း ရေးတပ်ဖွဲ့၌ အမှုထမ်းရန် အာရပ်နိုင်ငံများမှတပ်ဖွဲ့ဝင်များကို ခွင့်ပြုနိုင်ကြောင်း အာရပ်ဝန်ကြီးတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ဘာဆာရာမြို့အနီး စစ်ပွဲကြောင့် ပျက်စီးခဲ့ရသော ရေနံပိုက်လိုင်းများကို ပြန်လည်ပြင်ဆင်နေသော အီရတ်တို့ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ အဆိုးရွားဆုံးရုန်းရင်းဆန်ခတ်မှုဖြစ်ပွား ကန်တပ်ဖွဲ့ဝင်များကို ခဲဖြင့်ပေါက်ပြီး ကန်အလံကိုမီးရှို့

ဘဂ္ဂဒက် ဇွန် ၁၆

လွန်ခဲ့သည့်နှစ်၌ ဘဂ္ဂဒက်ကျဆုံးခဲ့ပြီးနောက်ပိုင်း အီရတ်နိုင်ငံတွင် အဆိုးရွားဆုံးရုန်းရင်းဆန်ခတ်မှုအချို့ တနင်္လာနေ့က ဖြစ်ပွားခဲ့သည်။

ထိုတနင်္လာနေ့၌ ရာပေါင်းများစွာသော အီရတ်တို့သည် အမေရိကန်တပ်ဖွဲ့ဝင်များကို ခဲများဖြင့် ပစ်ပေါက်ခဲ့ပြီး အမေရိကန်အလံကို မီးရှို့ခဲ့ကြသည်။ မီးလောင်ကျွမ်းပြီး သေဆုံးနေသော နိုင်ငံခြားသား ကန်ထရိုက်တစ်ဦး၏ အလောင်းပတ်ပတ်လည်၌ ကခုန်အောင်ပွဲခံခဲ့ကြသည်။ ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ စတိုးဆိုင်များကို လုယက်ဖျက်ဆီးခဲ့ကြသည်။

တိုက်ခိုက်

အဆိုပါ ဒေါသပေါက်ကွဲမှုများသည် တနင်္လာနေ့ အစောပိုင်း၌ အနောက်နိုင်ငံသားများ လိုက်ပါလာသော ကားသုံးစီးပါ ယာဉ်တန်းအား အသေခံကား ဗုံးဖောက်ခွဲတိုက်ခိုက်သူတစ်ဦးက အတင်းဝင်တိုက်ကာ ကားဗုံးကို ဖောက်ခွဲခဲ့ပြီးနောက်ပိုင်း ဖြစ်ပေါ်လာ ခဲ့ခြင်းဖြစ်သည်။

သေဆုံးခဲ့

ထိုသို့အသေခံပြီး ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဂျီအီးလျှပ်စစ်ကုမ္ပဏီ အလုပ်သမား သုံးဦးနှင့် သက်တော်စောင့် နှစ်ဦးအပါအဝင် လူ၁၃ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အေပီသတင်းဌာနက ဖော်ပြခဲ့ပြီး အမေရိကန်တာဝန်ရှိသူများက ၆၂ဦး ဒဏ်ရာရသည်ဟု ပြောကြားသည်။ ဒဏ်ရာရသူများတွင် နိုင်ငံခြားသား ကန်ထရိုက် ၁၀ ဦး ပါသည်ဟုဆိုသည်။ **(အင်တာနက်)**

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းခဲ့မှု စွပ်စွဲချက်အသစ်များထပ်မံထွက်ပေါ်လာ

လန်ဒန် ဇွန် ၁၆

ကြက်ခြေနီအဖွဲ့မှတိုင်ကြားချက်တစ်ခုကို လက်ခံရရှိခဲ့ပြီးနောက် အီရတ်အကျဉ်းသားများအပေါ် နှိပ် စက်ညှဉ်းပန်းမှုနှင့် ပတ်သက်သော အသစ်တစ်ဖန်ထွက်ပေါ်လာသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးမှုပြုလုပ်နေပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတောင်ပိုင်းတွင် ပြီးခဲ့သည့် မေ ၁၄ရက်က တိုက်ခိုက်မှု တစ်ခုဖြစ်ပွားပြီးနောက် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးမှုကို ခံခဲ့ကြရသည့် အီရတ်အကျဉ်းသားများကို ဆေးကုသမှုပေးခဲ့သော အဆိုပါကြက်ခြေနီအဖွဲ့၏ နိုင်ငံတကာကော်မတီမှ တိုင်ကြားချက်တစ်ခုကို လက်ခံရရှိခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အသုံးပြု

အီရတ်နိုင်ငံ မာဂျာအယ်ကာဘီးရာမြို့အနီးဖြစ်ပွားသော တိုက်ခိုက်မှုနောက်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက လုံ့စွပ်များကို အသုံးပြုခဲ့သည်နှင့် ပတ်သက်၍ တင်ပြရန် တောင်းဆိုထားကြောင်းနှင့် အဆိုပါလုံ့စွပ်တပ်လက်နက်များအသုံးပြုမှုကြောင့် ဒဏ်ရာအနာတရများရရှိခဲ့သည့် ကိစ္စရပ်ဖြစ်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

သေဆုံးခဲ့

ထိုစဉ်က ဗြိတိသျှကင်းလှည့် တပ်ဖွဲ့တစ်စုနှင့် အီရတ်ခုခံတိုက်ခိုက်ရေးခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုဖြစ်ပွားရာတွင် အီရတ် ၁၂ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်က ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

အီရတ်ရှိထိုင်းတပ်ဖွဲ့ဝင်များ ရုပ်သိမ်းတော့မည်

ဗန်ကောက် ဇွန် ၁၆

ထိုင်းနိုင်ငံသည် စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများကို ဇူလိုင်လတွင် အီရတ်နိုင်ငံမှ စတင်ဖယ်ရှားမည်ဖြစ်ပြီး စက်တင်ဘာ ၂၀ ရက်၌ ဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာစစ်မှုထမ်း ၄၅၁ ဦးစလုံး ထိုင်းနိုင်ငံသို့ ပြန်ရောက်ဖွယ်ရှိကြောင်း စစ်ဘက်ဆိုင်ရာက အင်္ဂါနေ့၌ပြောကြားသည်။

အကယ်၍ ဘဂ္ဂဒက်တောင်ဘက် မိုင် ၆၀ ရှိ ကာဘာလာ၌ အခြေစိုက်ထားသော ထိုင်းတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးခြိမ်းခြောက်ခံရလျှင် ထိုင်းတပ်ဖွဲ့ဝင်များကို အရေးပေါ်ရွှေ့ပြောင်းရန် စီစဉ်ထားကြောင်း ထိုင်းလက်နက်ကိုင်တပ်ဖွဲ့များ ဦးစီးဌာနချုပ်က ကြေညာချက်ထုတ်ပြန်ထားသည်။

ထိုင်းအထူးတပ်ဖွဲ့အမှတ် ၉၇၆ ယင်း၏ တစ်နှစ်သက်တမ်းပြည့်မြောက်ပြီးနောက် ထိုင်းနိုင်ငံသို့ ပြန်ရန် ဦးစီးဌာနချုပ် တပ်မှူးက အတည်ပြုထားသည်။ ထိုင်းတပ်ဖွဲ့ဝင်များ၏ တစ်နှစ်သက်တမ်းသည် စက်တင်ဘာ ၂၀ ရက်၌ ကုန်ဆုံးမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

စောင့်ကြပ်

အမရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော တင့်ကား တစ်စီးနှင့်အတူ ဗြိတိသျှ တပ်ဖွဲ့ဝင်များကို ဇွန်၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကယ်ကွတ်ရေနံတွင်းများ၏ လုံခြုံရေးအကြီးအကဲ နေအိမ်အပြင်ဘက်၌ လုပ်ကြံသတ်ဖြတ်ခြင်းခံရ

ကယ်ကွတ် ဇွန် ၁၆

အီရတ်နိုင်ငံ(မြောက်ပိုင်း)ကယ်ကွတ်မြို့ဝန်းကျင်ရှိ အီရတ်ရေနံတွင်းများ၏ လုံခြုံရေးအကြီးအကဲဖြစ်သူ ဂါဇီ တာလာဘာနီသည် ၎င်း၏နေအိမ်အပြင်ဘက်တွင် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်ဟု အီရတ်ရဲအဖွဲ့က ပြောကြားလိုက်သည်။

ဂါဇီတာလာဘာနီသည် အုပ်ချုပ်ရေးရုံး အဆောက်အအုံအနီး သူ့နေအိမ်၏ အပြင်ဘက်၌ လက်နက်ကိုင်သေနတ်သမားများ၏ တိုက်ခိုက်ခြင်းခံရပြီး နေရာ၌သေဆုံးသွားကြောင်း၊ သူ၏ သက်တော်စောင့်တစ်ဦးမှာ ဒဏ်ရာပြင်းစွာရရှိကြောင်း ကယ်ကွတ်ရဲအရာရှိချုပ် ဗိုလ်ချုပ်တာဟန်ယူဆက်ဖ်က ပြောကြားသည်။

အကြီးအကဲ

တာလာဘာနီသည် နော့သင်းရေနံကုမ္ပဏီ လုံခြုံရေးအကြီးအကဲဖြစ်သည်။ နော့သင်ရေနံကုမ္ပဏီသည် အီရတ်(မြောက်ပိုင်း)တွင် ရေနံထုတ်လုပ်ရေးတာဝန်ယူဆောင်ရွက်နေသည့်ကုမ္ပဏီဖြစ်သည်။

တတိယမြောက်

ယခုသတ်ဖြတ်မှုသည် တနင်္ဂနွေနေ့မှစပြီး တတိယမြောက် လုပ်ကြံသတ်ဖြတ်မှုဖြစ်သည်။ တနင်္ဂနွေနေ့၌ အီရတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး သတ်ဖြတ်ခံရပြီး နောက်တစ်နေ့၌ ပညာရေးဝန်ကြီးဌာနအရာရှိတစ်ဦး သတ်ဖြတ်ခံခဲ့ရသည်။ **(အင်တာနက်)**

ဆွဲကိုစွတောင်းဆိုမှု အီရန်ငြင်းပယ်မည်

တီဟီရန် ဇွန် ၁၆

အီရန်နိုင်ငံသည် ကုလသမဂ္ဂစစ်ဆေးရေးမှူးများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်းမရှိကြောင်း ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့ခေါင်းဆောင် မိုဟာမက် အယ်ဘာရာဒီက ဝေဖန်ပြောကြားခဲ့ပြီးနောက် နျူကလီးယား စစ်ဆေးရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အီရန်နိုင်ငံက ပြန်လည်စဉ်းစားသုံးသပ်မည်ဟု အီရန်နိုင်ငံက ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် ကုလသမဂ္ဂမှ စစ်ဆေးမှုကိုအပြည့်အဝလိုက်နာဆောင်ရွက်ခဲ့ပြီးနောက်ထပ် အလွန်အကျွံ တောင်းဆိုမှုများကို ငြင်းပယ်မည်ဖြစ်ကြောင်း အီရန်က ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အုပ်ချုပ်ရေးလွှဲပြီးနောက်ပိုင်း ကန်တပ်ဖွဲ့ဝင်များအတွက်အန္တရာယ် လျော့သွားနိုင်ဖွယ်မရှိကြောင်း ကန်ထိပ်တန်းဗိုလ်ချုပ်ကြီး ပြောကြား

ဝါရှင်တန် ဇွန် ၁၆

အီရတ်အစိုးရသို့ အုပ်ချုပ်ရေး ဇွန် ၃၀ ရက်၌ လွှဲပြောင်းပေးပြီးနောက်ပိုင်း အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ် လျော့သွားနိုင်ဖွယ်မရှိဟု မိမိထင်မြင်ကြောင်း အမေရိကန်ထိပ်တန်းဗိုလ်ချုပ်ကြီးက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံမှုရှိမည်ဟု မိမိမထင်ကြောင်း၊ ထိုသို့တွေးထင်ရန်မှာ အလွန့်အလွန်အန္တရာယ်ရှိသည်ဟု မိမိထင်ကြောင်း အမေရိကန် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးပီတာစကူးမေကာက သတင်းထောက်များကို ပြောကြားသည်။

အဓိကစစ်မျက်နှာဖြစ်လာ

ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားရာတွင်လည်းကောင်း၊ ပြောက်ကျားများကို နှိမ်နင်းရာတွင်လည်းကောင်း အမေရိကန်တပ်ဖွဲ့ဝင် ၈၀၀ ကျော်သေဆုံးခဲ့ရသည့် အီရတ်စစ်ပွဲသည် အမေရိကန်ပြည်ထောင်စုကို ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်၌ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ကြေညာခဲ့သော အကြမ်းဖက်မှုနှိမ်နင်းရေး စစ်ပွဲတွင် အဓိက စစ်မျက်နှာဖြစ်လာခဲ့သည်ဟု ဘုရှ်အစိုးရက ပြောဆိုထားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဗြိတိသျှလေထီးတပ်ဖွဲ့ဝင်ဟောင်းနှစ်ဦး ဘဂ္ဂဒက် ကားဗုံးကွဲမှု၌သေဆုံး

လန်ဒန် ဇွန် ၁၆

အီရတ်နိုင်ငံတွင် ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသော ဗြိတိသျှ နှစ်ဦးမှာ လုံခြုံရေးအဖွဲ့တစ်ခု၌ အလုပ်လုပ်ကိုင်နေကြသော လေထီးတပ်ဖွဲ့ဝင်ဟောင်းများဖြစ်ကြသည်ဟု သိရသည်။

လေထီးတပ်ဖွဲ့ဝင်တစ်ဦးမှာအသက် ၄၆ နှစ်ရှိ တပ်ကြပ်ဟောင်း ကိသ် ဘတ္တလာ ဖြစ်ပြီး ၁၉၈၂ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် အာဂျင်တီးနားကို တိုက်ခိုက်သော ဖောက်ကလန်စစ်ပွဲနှင့် မြောက်အိုင်ယာလန်စစ်ပွဲ လေထီးတပ်၌ အမှုထမ်းခဲ့သူဖြစ်သည်ဟု ဗြိတိန်နိုင်ငံခြားရေးရုံးက ပြောကြားသည်။

ဗုံးကွဲ

ဘဂ္ဂဒက်ရှိ လူစည်ကားရာလမ်းမကြီးတွင် တနင်္လာနေ့က ဗုံးပေါက်ကွဲခဲ့ရာ၌ အခြားသေဆုံးသူ တပ်ဖွဲ့ဝင်မှာလည်း လေထီးတပ်ဖွဲ့ဝင်ဟောင်းတစ်ဦး ဖြစ်သည်။ လန်ဒန်အခြေစိုက် လုံခြုံရေးအဖွဲ့က သေဆုံးသူ ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦးစလုံး ၎င်းတို့၏ အလုပ်သမားများဖြစ်ကြောင်း တနင်္လာနေ့က ပြောကြားသည်။

ထုတ်ပြန်

၂၀၀၃ ခုနှစ် ဇူလိုင်လမှစပြီး အီရတ်၌ သေဆုံးခဲ့သော ဗြိတိသျှအရပ်သားဦးရေမှာ ၁၄ ဦးဖြစ်ကြောင်း နိုင်ငံခြားရေးရုံးမှ ထုတ်ပြန်ပေးသည့် ကိန်းဂဏန်းအရ သိရသည်။

သေဆုံး

ထို ၁၄ ဦးအနက် တစ်ဦးမှာအိုလစ်ဖ် လုံခြုံရေး အလုပ်သမားတစ်ဦးဖြစ်ပြီး မတ်လထဲ၌ အီရတ်နိုင်ငံ မိုဆူးလ်မြို့အရှေ့ဘက်ရှိ လျှပ်စစ်ဓာတ်အားစက်ရုံမှ နိုင်ငံခြားသား အင်ဂျင်နီယာကို ကာကွယ်ရန်ကြိုးပမ်းစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဖော်လူဂျာမြို့ အနောက်မြောက်ဘက်ရှိ တယ်လာကျေးရွာကို အမေရိကန်တပ်ဖွဲ့ဝင်များက စီးနင်းရှာဖွေမှုပြုလုပ်စဉ် အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းက ကင်းလှည့်ပျံသန်းနေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၂၈ ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၁၆

အီရတ်နိုင်ငံတွင် အမေရိကန်နှင့်အပေါင်းပါတပ်များ လွန်ခဲ့သည့်နှစ်၌ စတင်ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၄ ခု ဇွန်လ ၁၆ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် ၈၂၈ ဦး ရှိသွားပြီဖြစ်သည်။ ယင်းအနက် ၆၀၉ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၁၉ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ဆိုသည်။

၂၀၀၃ ခုနှစ် မေ ၁ ရက်၌ စစ်ပွဲကြီးပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၉၀ ဖြစ်ပြီး ယင်းအနက် ၅၀၀မှာ တိုက်ပွဲ၌သေဆုံးပြီး ၁၉၀ မှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ဆိုသည်။

ထို့ပြင် အီရတ်၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးခဲ့ကြရာ ဗြိတိသျှ ၅၈ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ လက်ဗီးယားနှင့် နယ်သာလင် တစ်ဦးစီသေဆုံးခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

လက်ဘနွန်နိုင်ငံသားနှစ်ဦးထက်မနည်း အီရတ်၌ ဖမ်းဆီးခြင်းခံထားရဟုဆို

ဘေရွတ် ဇွန် ၁၆

အီရတ်နိုင်ငံရှိ ပြန်ပေးသမားများက လက်ဘနွန်နိုင်ငံသား နှစ်ဦးမက ဖမ်းဆီးထားကြောင်း၊ ပြန်လည်လွှတ်မြောက်ရေးအတွက် ငွေကြေးတောင်းခံလျက်ရှိကြောင်း ဘေရွတ်မြို့ရှိ နိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဂျော့ချ်ဖရန်ဒိုနှင့် ဂျမေးဒိဘ်တို့သည် ဆွီဒန်ဟုခေါ်သော ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်နေစဉ် လွန်ခဲ့သောနှစ်ရက်က ပျောက်သွားကြောင်း ဘေရွတ် နိုင်ငံခြားရေးရုံးရှိ နိုင်ငံရေးရာဌာန အကြီးအကဲ ဘူထရို့စ်အဆာကာက ပြောကြားသည်။

သတင်းရ

လက်ဘနွန်လူမျိုး အသစ်နှစ်ဦး ပျောက်ဆုံးသွားသည်ကို ဘဂ္ဂဒက်ရှိ မိမိတို့သံရုံးက သတင်းများရရှိကြောင်း ၎င်းက ပြောကြားသည်။ သူတို့သည် ငွေတောင်းလိုသည့်အဖွဲ့ တစ်ဖွဲ့က ပြန်ပေးဆွဲသွားကြောင်း၊ ပြန်ပေးဆွဲသူများမှာ ဘယ်သူဖြစ်သည်ကို မိမိတို့မသိကြောင်း၊ သို့သော်လည်း အဆိုပါပြန်ပေးဆွဲခံရသူများမှာ အခြေအနေကောင်းမွန်လျက်ရှိသည်ကို မိမိတို့ သံရုံးက သတင်းများ ရရှိထားပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

သတ်ဖြတ်

ဟူစိန်အလီအယ်ယန်းဆိုသည့် လက်ဘနွန်နိုင်ငံသားတစ်ဦးနှင့်အတူ ၎င်း၏ လုပ်ဖော်ကိုင်ဖက် အီရတ်နှစ်ဦး လွန်ခဲ့သောအပတ်က ပြန်ပေးဆွဲခံရပြီး သတ်ဖြတ်ခြင်းခံရကာ လမ်းပေါ်တွင်ပစ်ထားခြင်းခံရကြောင်း သိရသည်။

ပျောက်ဆုံးနေ

ဟာဘစ်ဘ်ဆဗားဟုခေါ်သော အခြားလက်ဘနွန်တစ်ဦးမှာ လွန်ခဲ့သော တစ်လခန့်က ပျောက်ဆုံးနေကြောင်း၊ အမေရိကန်တို့အား သူလျှိုလုပ်ပေးသည်ဆိုသော စွဲချက်ဖြင့် ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း အယ်လ်အာရေဗျရုပ်မြင်သံကြားဌာနက အင်္ဂါနေ့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်များဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စနေဂြိုဟ်၏အကြီးဆုံးလတစ်စင်းဖြစ်သော ဖေဘီတွင် ရေခဲများရှိနိုင်

ဝါရှင်တန် ဇွန် ၁၆

အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး ယာဉ်များဖြစ်သော စပရစ်နှင့် အော့ပိုကျူနီတီတို့သည် ထူးခြားဆန်းကျယ်သော ဓာတ်ပုံများကို ဆက်လက်ပေးပို့လျက်ရှိသည်။

၎င်းတို့၏ စူးစမ်းလေ့လာရေးလုပ်ငန်းစဉ်မှာ ပြီးဆုံးရန် ကြာမြင့်ဦးမည်ဖြစ်ကြောင်း ယခုလောလောဆယ်တွင် စပရစ်အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ်သည် အနီးအနားတောင်ကုန်းမှကျလာသော ကျောက်တုံးများကို စူးစမ်းလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် စပရစ်၏ ဘီးခြောက်လုံးထဲမှ တစ်လုံးသည် ချွတ်ယွင်းချက်တစ်ခုဖြစ်ခဲ့သော်လည်း စိုးရိမ်စရာမရှိကြောင်း သိရသည်။ အလားတူပင် စနေဂြိုဟ်လေ့လာရေးယာဉ် ကက်စ်ဆီနီသည် စနေဂြိုဟ်၏ အပြင်ဘက်ရှိ လများထဲမှ အကြီးဆုံး လတစ်စင်းဖြစ်သော ဖေဘီ၏ဓာတ်ပုံများကို ပြန်လည်ပေးပို့ခဲ့ရာ လ၏ကျင်းများထဲတွင် ရေခဲများရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း
အီရတ် မြင်ကွင်း

အီရတ်နိုင်ငံ ကူဖာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီး ဆွေမျိုးတော်စပ်သူ အီရတ်တစ်ဦး သေဆုံးသွားသဖြင့် အီရတ်အမျိုးသမီးတစ်ဦး ဝမ်းနည်းငိုကြွေးနေသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်များကို အီရတ်တို့ဝိုင်းအုံ ကြည့်ရှုနေကြသည်ကို ဇွန် ၁၄ ရက်က တွေ့ရ စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသော အီရတ်တစ်ဦးအား ဇွန်၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့၌ ကားဗုံး ပေါက်ကွဲသည့်နေရာတွင် အီရတ်တစ်ဦးက ဗြိတိသျှ အလံကို ဖိနပ်ဖြင့်ရိုက်နေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တောင်ဘက် ဆေဒီယာအရပ်၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးနေသော မော်တော်ယာဉ်အပိုင်းအစများကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြုပြင်

စစ်ပွဲဖြစ်ပွားမှုကြောင့် အီရတ်နိုင်ငံ တစ်ဝန်းရေနံ လုပ်ငန်းအများ အပြားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ကယ်ကွတ်- တူရကီရေနံပိုက်လိုင်းကြီးကို အီရတ် အလုပ်သမားများက ပြန်လည် ပြုပြင်လျက်ရှိသည်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာအနီးရှိ ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းပေါ်တွင် လမ်းနှင့်တံတားများကို တိုးချဲ့ပြုပြင်တည်ဆောက်ခဲ့ရာ တည်ဆောက်ပြီးစီးသွားသော တံတားပေါ်မှ ကားများဖြတ်သန်းမောင်းနှင်နေသည်ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းမောဒေသတွင် ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများသွားလာရေးလွယ်ကူစေရန်အတွက် ဆောင်ရွက်ပေးခဲ့သည့် စံကင်း-ကလော့သော့လမ်း နှင့် လမ်းပေါ်ရှိ တံတားတစ်စင်းကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

မန္တလေးတိုင်း ငါန်းဇွန်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေဧက ၂၈၀၀၀အတွက် စိုက်ပျိုးရေပေးဝေလျက်ရှိသော နတ်သားတော ရေလှောင်တမံကို ဝေဟင်မှ ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကျေးလက်အိမ်ရာ

မကွေးတိုင်း မကွေးမြို့နယ် သစ်ရာကောက် ကျေးရွာတွင် ကျေးလက်နေပြည်သူများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်အိမ်ရာများကို ဤသို့ ဆောက်လုပ်ပေးခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ပညာရေးမြင့် ခေတ်မီပွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြို့ပြနှင့်ကျေးလက် နယ်စွန်နယ်ဖျားဒေသအကြား ပညာရေးကွာဟချက်ကြီးမားမှု သိသိသာသာလျော့နည်းကျဆင်းသွား ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလုပ်ငန်းအစီအစဉ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီ တက္ကသိုလ်၊ ကောလိပ်များ ခွံခွံညားညားထူထောင်ပေးပြီး ခေတ်မီသင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးလျက်ရှိ

✡ **တိုင်းပြည်အတွက်မှ**

တစ်ချိန်တည်းမှာပင် အမျိုးသားပညာရည်မြင့်မားရေးအတွက် ရေရှည်မျှော်မှန်းချက်များ ချမှတ်၍ အနှစ်(၃၀) နှစ်ရှည် စီမံကိန်းအဖြစ် အပိုင်းလိုက် စတင် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဇွန် ၂ ရက်မှစ၍ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ပြီ ဖြစ်ကြောင်း၊ ကျောင်းများမဖွင့်မီ အခြေခံပညာအဆင့်နီးနှောဖလှယ်ပွဲနှင့် အဆင့်မြင့်ပညာအဆင့်နီးနှောဖလှယ်ပွဲများကိုလည်း နှစ်စဉ်နှစ်တိုင်း မိမိတို့ ကျင်းပပြုလုပ်ခဲ့ရာ ပညာရေးဝန်ကြီးဌာနအောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသောပညာရှင်များကစုပေါင်း၍ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည်များကို အပြန်အလှန် ဆွေးနွေးအကြံပြုနိုင်ခဲ့ကြောင်း၊ ယင်းနှီးနှောဖလှယ်ပွဲများက ပညာရေးနှင့်စပ်လျဉ်းသည့် ရေ့လုပ်ငန်းစဉ်များကိုလည်း ပီပီပြင်ပြင်ချမှတ်နိုင်ခဲ့ပြီး ပညာရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။

သိသိသာသာလျော့နည်း

ထို့ကြောင့် ယခင်က မြို့ပြနှင့် ကျေးလက်ဒေသအကြား၊ နယ်စွန်နယ်ဖျားနှင့်အတွင်းပိုင်းဒေသများအကြား ပညာရေး ကွာဟချက်ကြီးမားနေခဲ့ရမှုများကို သိသိသာသာ လျော့နည်းကျဆင်းသွားအောင် ဆောင်ရွက်ပေးနိုင်လာပြီဖြစ်ကြောင်း။

ဤသည်မှာအမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းကို အောင်အောင်မြင်မြင်အကောင်အထည်ဖော်နိုင်ခြင်း၊ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးကို အထူးစီမံကိန်း ချမှတ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူအများစုကြီး နေထိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကြားကွက်လပ်မကျန် ဖွံ့ဖြိုးလာစေရေးအတွက် ဖွံ့ဖြိုးရေးဒေသ ၂၄ခု တိုးချဲ့သတ်မှတ်ပြီး ဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်းကောင်း အားကြိုးမာန်တက်ပေါင်းစပ် အကောင်အထည်ဖော်နိုင်သဖြင့် အစွန်အဖျား နယ်စပ်ဒေသများ၊ အတွင်းပိုင်းဒေသများနှင့် ကျေးလက်ဒေသများပါမကျန် ပညာရေးကဏ္ဍမှာ သိသာစွာ ဖြန့်ကြက်ပြီး တိုးတက်အောင်မြင်မှုများရရှိလာခြင်းဖြစ်ကြောင်း။

အချိန်တိုအတွင်းတိုးတက်လာ

ဤနေရာ၌ နိုင်ငံတော် အကြီးအကဲ၏ ခရီးစဉ်၌လည်းကောင်း၊ မိမိအပါအဝင် လူကြီးများ၏ခရီးစဉ်များ၌လည်းကောင်း ပညာရေးကဏ္ဍနှင့် စပ်လျဉ်းပြီး လိုအပ်ချက်များအပေါ် သီးခြားဖြည့်ဆည်းပေးခဲ့သည်များလည်းများစွာရှိခဲ့ကြောင်း၊ ထို့အပြင် နယ်မြေဒေသများမှ ပြည်သူများ၏ တင်ပြချက်များအပေါ် စိစစ်ဖြည့်ဆည်းပေးခဲ့သည်များလည်းရှိကြောင်း၊ဤကဲ့သို့ အလေးပေးဆောင်ရွက်ပေးမှုများကြောင့် ပညာရေးကဏ္ဍသည် တိုတောင်းသော အချိန်ကာလအတွင်း ယခုကဲ့သို့ တိုးတက်လာခြင်းဖြစ်ကြောင်း။

နယ်မြေဒေသ တာဝန်ခံများ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းဝင်များ၊ ပြည်သူများနှင့် ဆရာဆရာမများ၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုအားကြောင့် ကျောင်းနေအရွယ် ကလေးများကျောင်းနေရေးလုပ်ငန်းအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီဟု ဆို နိုင်ကြောင်း၊ ငွေကြေးချို့တဲ့၍ ကျောင်းမနေနိုင်သည့် ကလေးများကို ကျောင်းနေနိုင်အောင် မိမိတို့စည်းရုံးလှုံ့ဆော်စီမံပေးနိုင်ခဲ့ကြောင်း။

ဖြည့်ဆည်းပေး

အလားတူပင် အဆင့်မြင့်ပညာရေးကဏ္ဍ၌လည်း တက္ကသိုလ်၊ ကောလိပ်များကို ခံ့ခံ့ညားညား ထည်ထည်ဝါဝါ တည်ဆောက်ထူထောင်ပေးပြီး ဆရာဆရာမများ၏ပညာရည်အဆင့်အတန်းမြင့်မားရေးနှင့် သင်ကြားပို့ချမှုဆိုင်ရာ အထောက်အကူပစ္စည်းများခေတ်မီရေးတို့ကိုလည်း တစ်ပြိုင်တည်းဖြည့်ဆည်းစီမံပေးလျက်ရှိကြောင်း။

ခြုံလိုက်လျှင်အခြေခံပညာအဆင့်ရောအဆင့်မြင့်ပညာအဆင့်မှာပါ ခေတ်စနစ်နှင့်အညီ တိုးတက် အောင်မြင်မှုများရရှိ အောင်၊ တိုင်းပြည်အတွက် အဓိက အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာအောင် အားရဖွယ်ရာ အကောင်အထည်ပေါ်လာပြီ ဖြစ်ကြောင်း။

ယင်းသို့အားရဖွယ်ရာ တိုးတက်ဖွံ့ဖြိုးမှုများရရှိလာသည်မှာ မိဘပြည်သူများ၊စေတနာအလှူရှင်များ၏အားတက်သရော ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရနှင့်ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပညာရေးကဏ္ဍ၌ အောင်မြင်တိုးတက်မှုများ ရရှိခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ အရှိန်အဟုန်မကျစေဘဲ တိုးတက်အောင်မြင်မှုများရရှိအောင် ဟန်ချက်ညီညီ ပူးပေါင်း အားထုတ်ကြိုးစားသွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာကြသူများက ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံ ပညာရေးကော်မတီ၏(၁/၂၀၀၄)ကြိမ်မြောက်အစည်းအဝေးမှတ်တမ်းကိုအတည်ပြုကြသည်။

အကောင်အထည်ဖော်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ပညာရေးကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်း (၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ) အောင်မြင်စွာ ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အထူးလေးနှစ်စီမံကိန်းကို

> **ရှင်းလင်းတင်ပြ**
>
> **ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် မြန်မာနိုင်ငံ ပညာရေး ကော်မတီ (၂/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

ရေးဆွဲပြီး အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

အခြေခံပညာကဏ္ဍတွင် အထူးလေးနှစ်စီမံကိန်းစတင်သည့် ၂၀၀၀–၂၀၀၁ဘဏ္ဍာရေးနှစ်မှစ၍ အခြေခံပညာသင်ရိုးမာတိကာများ အဆင့်မီစေခြင်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်၊ အခြေခံပညာ ပြီးဆုံးမှုနှင့် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ခြင်း၊ သင်ကြားမှု၊ သင်ယူမှုအခန်းများ ဖွဲ့စည်းအသုံးပြုခြင်း၊ ဆရာအတက်သင်ပညာ ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ ဘက်စုံပညာ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ နိုင်ငံသားတိုင်းမူလတန်းအဆင့်ပြီးဆုံးသည်အထိ သင်ယူနိုင်မည့် အစီအစဉ်များ ချမှတ် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ခြောက်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

စီမံကိန်း ဒုတိယနှစ်ဖြစ်သည့် ၂၀၀၁–၂၀၀၂ဘဏ္ဍာရေးနှစ်တွင်ပညာရေးစီမံကိန်းလုပ်ငန်းကဏ္ဍ ခြောက်ရပ်ကို အခြေခံ၍ စီမံကိန်းလုပ်ငန်းစဉ် ၁၀ ရပ်အဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ပညာရေးစနစ် ဖြစ်ထွန်းရေး၊ နိုင်ငံသားတိုင်းအခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေး၊ အခြေခံပညာရေး အရည်အသွေးမြင့်မားရေး၊ အခြေခံပညာရေးအဆင့်အလိုက် အကြိုသက်မွေးနှင့် အသက်မွေးဝမ်းကျောင်း ပညာများ သင်ယူခွင့်ရရှိရေး၊ အီလက်ထရွန်နစ်ပညာရေး(e-Education)ကို ဦးတည်၍ ခေတ်မီ ဆက်သွယ်ပို့ချမှုနည်းပညာရပ်များ၊ ကျွမ်းကျင်မှုဆိုင်ရာပညာရပ်များ၊ သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်စေရေး၊ ဘက်စုံပညာ ပြည့်ဝသည့် နိုင်ငံသားကောင်းများ ပြုစုပျိုးထောင်ပေးရေး၊ ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားရေး၊ မိဘပြည်သူများ၏ ပူးပေါင်း ပါဝင်မှုဖြင့် အခြေခံပညာ ဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပညာရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးတို့ကို တိုးချဲ့လုပ်ကိုင်ခဲ့ပါကြောင်း။

ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းလုပ်ငန်းစဉ်များကို အားဖြည့်ဆောင်ရွက်နိုင်မည့် အစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နီးနှောဖလှယ်ပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ ကျင်းပ၍ အခြေခံပညာရေးကိုယ်စားလှယ်များဖြင့် ဆွေးနွေးဆုံးဖြတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ပီပြင်စွာဆောင်ရွက်နိုင်

အခြေခံပညာအဆင့်အလိုက် စီမံကိန်းလုပ်ငန်းဆိုင်ရာ စီမံချက်များနှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာနများမှ တာဝန်ရှိသူများ ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် အခြေခံပညာကဏ္ဍ၊ အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းလုပ်ငန်းစဉ်များကို ထိရောက်ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပြခန်းများပြသ

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ ကျင်းပပြီးစီးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အဆိုပါပြပွဲကို Main Theme အဖြစ် အစဉ်သင်ယူလေ့လာနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတည်ဆောက်ခြင်း၊ အခွင့်အလမ်းပွင့် အရည်အသွေးမြင့် ပညာခက်ဖြာလေးနှစ်တာခရီး သတ်မှတ်ကာ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်းကာလအတွင်း ဆောင်ရွက်ချက်များကို စိန်ရတုခန်းမ၌ အထပ်လိုက်ပြခန်းများဖြင့် ပြသခဲ့ပါကြောင်း။

အခြေခံပညာကဏ္ဍ အနေဖြင့် ပြခန်းများကို စိန်ရတုခန်းမ၌ အထူးလေးနှစ်စီမံကိန်း လုပ်ငန်းစဉ်များနှင့် စာရင်းအင်းပြခန်း၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ပြခန်း၊ ဘဝတွက်တာ ကျွမ်းကျင်စရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆောင်ရွက်မှု ပြခန်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး အကောင်အထည်ဖော်မှုပြခန်း၊ မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုပြခန်း၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများပြုစု ပျိုးထောင်ရေး ဆောင်ရွက်မှုပြခန်း၊ ဆရာအတတ်ပညာဖွံ့ဖြိုးရေးဆောင်ရွက်မှုပြခန်း၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ အသုံးပြုသင်ကြားမှုပြခန်း၊ သိပ္ပံလက်တွေ့ လေ့ကျင့်မှုပြခန်း၊ တွဲဖက် သင်ရိုးဝင်ဘာသာရပ် သင်ပြမှုပြခန်းများ၊ လူတိုင်းအတွက် ပညာရေးလုပ်ငန်း ဆောင်ရွက်မှုပြခန်း၊ ကျောင်းပြင်ပ ပညာရေး ဆောင်ရွက်မှုပြခန်း၊ IT အသုံးပြု သင်ပြမှုပြခန်း၊ ပညာရေးပတ်ဝန်းကျင်နှင့် အဆောင်အယောင်များပြခန်းများကို ခင်းကျင်းပြသခဲ့ပါကြောင်း။

အမျိုးသားရေးစံနှုန်း

အဆင့်မြင့်ပညာကဏ္ဍ အနေဖြင့် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာဟူသော လုပ်ငန်းကြီးသုံးရပ်ကို အခြေခံ၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍ၊ နည်းပညာ အသုံးပြုမှုဆိုင်ရာ ကဏ္ဍ၊ သုတေသနလုပ်ငန်းများဆိုင်ရာ ကဏ္ဍ၊ စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍ၊ပညာရည် အဆင့်မြှင့်တင်မှုဆိုင်ရာဌာန၊ အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကဏ္ဍခြောက်ရပ်ဖြင့် ခင်းကျင်းပြသခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဦးသန်းအောင်က နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေးအတွက် အခြေခံပညာကျောင်းခွဲ၊ တွဲဖက်ကျောင်းနှင့် မူလတန်းလွန်ကျောင်းများကို ကျောင်းအဆင့်သို့မဟုတ် ကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်မှ ၂၀၀၆–၂၀၀၇ပညာသင်နှစ်အထိ သုံးနှစ်တာ ကာလအတွင်း အခြေခံပညာသင်ကျောင်း ၅၉၁၇ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ရန်နှင့် ဆရာနှင့်ဝန်ထမ်းအင်အား ၂၁၀၆၀တို့အား တိုးချဲ့ခန့်အပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံကိုလည်းကောင်း၊ မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်မှုမှာ ၂၀၀၁–၂၀၀၂ ပညာသင်နှစ်မှ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အထိ စုစုပေါင်း ကျောင်းပေါင်း ၄၇၈၈ ကျောင်းဖြစ်ကြောင်းကိုလည်းကောင်း ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဝန်ကြီးဦးသန်းအောင်က အခြေခံပညာကျောင်းသစ်ဖွင့်လှစ်မှုနှင့် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်မှု အခြေအနေကို ရှင်းလင်းတင်ပြရာတွင် ၂၀၀၃ခုနှစ် ဒီဇင်ဘာမှ ၂၀၀၄ခုနှစ် ဇွန် ၁၅ရက်အထိ တိုးမြှင့်ဖွင့်လှစ်နိုင်မှု အခြေအနေမှာ အစီရင်ခံတင်ပြသည့် ခြောက်လတာကာလအတွင်း အထက်တန်းကျောင်းအဆင့်သို့ ကျောင်း၄၀၊ အထက်တန်းကျောင်းခွဲအဆင့်သို့ ကျောင်း ၆၀၊ အလယ်တန်းကျောင်းအဆင့်သို့ ၆၉ ကျောင်းနှင့် အလယ်တန်းကျောင်းခွဲအဆင့်သို့ ၂၆ကျောင်း၊ မူလတန်းလွန်ကျောင်းအဆင့်သို့ ၉၆၂ကျောင်းနှင့် မူလတန်းကျောင်း အဆင့်သို့ ကျောင်း ၁၀၀ စုစုပေါင်း ၁၂၅၇ ကျောင်းကို အဆင့် တိုးမြှင့်ပေးခြင်း၊ ကျောင်းသစ်ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်နိုင်သဖြင့် ယခုအခါ အထက်တန်းကျောင်းအဆင့်အထိ သင်ကျောင်း ၁၈၉၅ကျောင်း၊ အလယ်တန်းအဆင့်အထိသင်ကျောင်း ၃၀၄၀၊ မူလတန်းလွန်အဆင့်အထိ သင်ကျောင်း ၄၇၈၈ ကျောင်း၊ မူလတန်းအဆင့် သင်ကျောင်း ၃၀၇၈၂ ကျောင်း စုစုပေါင်း ၄၀၅၀၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

နိဂုံးချုပ်

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အသားစားကြက်မွေးမြူထုတ်လုပ်ရေးသင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၁၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အသားစားကြက် မွေးမြူထုတ်လုပ်ရေးသင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ သို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ဝန်ကြီးဌာန အောက်ရှိဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်၊ မြန်မာ စီပီလိုက်ဖ်စတော့ခ်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် စီးပွားဖြစ် ကြက်မွေးမြူသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်း စခန်းကို ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မြန်မာစီပီလိုက်ဖ်စတော့ခ် ကုမ္ပဏီမှ Vice Chairman Mr. Nuttha Krit တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါသင်တန်းတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊လုပ်ငန်းများမှ ဝန်ထမ်းများနှင့် ပုဂ္ဂလိက စီးပွားဖြစ် ကြက်မွေးမြူသူများ စုစုပေါင်းသင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၄ ရက်ဖြစ်သည်။

သင်တန်းတွင် အသားစားကြက် မွေးမြူခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ခေတ်မီနည်းပညာများကို စာတွေ့ လက်တွေ့ သင်ကြားပြသပေးမည်ဖြစ်ပြီး သင်တန်း အမှတ်စဉ်အလိုက် အသားစားကြက်၊ ဥစားကြက် ဘာသာရပ်ခွဲခြား၍ (၁၂)ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာစီပီလိုက်ဖ်စတော့ခ် ကုမ္ပဏီတို့ နည်းပညာပူးပေါင်း ဆောင်ရွက်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလကျော်လွန်သွားသော မြန်မာကုမ္ပဏီများ ဇွန် ၃၀ ရက် နောက်ဆုံးထားပေးသွင်းနိုင်

ရန်ကုန် ဇွန် ၁၇

အမျိုးသား စီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ကုမ္ပဏီများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခွင့်ရရှိပြီးသော မြန်မာကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင်ကြေး ပေးသွင်းကြရန်အတွက် ဌာနမှကုမ္ပဏီများသို့ စာဖြင့်အသိပေး အကြောင်းကြားခဲ့သော်လည်း အချို့ကုမ္ပဏီများသည် မှတ်ပုံတင်ကြေး ပေးသွင်းလာခြင်းမရှိဘဲ မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလ ကျော်လွန်သွားခဲ့သည်။

ပယ်ဖျက်မည်

မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလ ကျော်လွန်သွားသော မြန်မာကုမ္ပဏီများသည် ၂၀၀၄ ခုနှစ် ဇွန် ၃၀ ရက် နောက်ဆုံးထား ပေးသွင်းကြရန်နှင့် ယင်းကာလကျော်လွန်သွားပါက ကုမ္ပဏီမှတ်ပုံတင်ရန် ဆန္ဒမရှိဟု သတ်မှတ်ပြီး မှတ်ပုံတင်လျှောက်ထားခြင်းကို ပယ်ဖျက်မည် ဖြစ်သည်။ **(သတင်းစဉ်)**

ခရိုင်အဆင့်တရားသူကြီးများမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၇

ခရိုင်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တရားရုံးချုပ် ပင်မအဆောက်အအုံ၏ မြောက်ဘက်ခြမ်းရှိ သုံးထပ် အဆောက်အအုံ အပေါ်ဆုံးထပ်၌ ကျင်းပရာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်အေး၊ ဦးခင်မြင့်၊ ဒေါက်တာတင်အောင်အေး၊ဦးမြင့်သိန်း၊ ဦးထွန်းရှင်၊ ဦးချစ်လွင်၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းတရားသူကြီး၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အကြံပေး အရာရှိများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊သင်တန်းသူ၃၄ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈–၆–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင် တေးနယဉ်
- ၈း၂၀ ၈။ ကျင်းသာရေလျောင်တမံ
- ၇း၃၀ ၉။ International News
- ၈း၄၅ ၁၀။ English for Everyday Use

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (သတ္တဗေဒ)
- ၁၇း၁၅ ၆။ ဒါးကတံတား (ဧရာဝတီတိုင်း)
- ၁၇း၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇း၄၀ ၈။ နည်းစနစ်မှန်မှန် အားကစား အခြေခံ
- ၁၇း၅၀ ၉။ မွန်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
- ၁၈း၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၈း၁၅ ၁၁။ Discovery
- ၁၈း၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉း၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း–၃၂)
- ၁၉း၃၀ ၁၅။ နှောင်းခေတ်တေးပဒေသာ
- ၁၉း၄၅ ၁၆။ ဖွံ့ဖြိုးမှုဝေမနောမြေ(အပိုင်း–၁)
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"မမေ့နဲ့နော်"**(အပိုင်း–၂) (ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ–ကျော်ဇောလင်း)
- ၂၁။ **Euro 2004** ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဘူဂေးရီးယားနှင့် ဒိန်းမတ်)**
- ၂၂။ **Euro 2004** ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(အီတလီနှင့် ဆွီဒင်)**

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအလွန်ကောင်းနေ

ရန်ကုန် ဇွန် ၁၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့၌ ဒေသအလိုက်နှင့် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့ ၉ဒသမ၁၀ လက်မ၊ မော်လမြိုင်မြို့ ၇ဒသမ ၀၁ လက်မ၊ ထားဝယ်မြို့ ၅ဒသမ၈၇လက်မ၊ သံတွဲမြို့ ၅ဒသမ ၅၁လက်မ၊ ကိုကိုးကျွန်း ၅လက်မ၊သထုံမြို့ ၄ဒသမ၈၈ လက်မ၊ ဘားအံမြို့ ၄ဒသမ ၀၉လက်မ၊ မုဒုံမြို့ ၃ဒသမ ၅၃လက်မ၊ ကျောက်ဖြူမြို့ ၃ဒသမ၁၁လက်မနှင့် ဂွမြို့ ၃ဒသမ ၀၇လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေကြောင်း သိရသည်။

ဇွန် ၁၈ ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဇွန် ၁၇ ရက်က ဗဟန်းမြို့နယ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သက်မြိုင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အကြောင်း ဟောပြောစဉ်။ (မြန်မာ့အလင်း)

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၇

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ ပညာရေးမြှင့်တင်မှု လုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန် ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် ထိုနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကော်မတီ Shopping Guide Book စာအုပ်ထုတ်ဝေမည်

ရန်ကုန် ဇွန် ၁၇

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကော်မတီ အမှတ်တရပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးဆပ်ကော်မတီက ကမ္ဘာလှည့်ခရီးသည်များအတွက် နှစ်စဉ်ထုတ်ဝေမြဲဖြစ်သော Shopping Guide Book ကို ပွင့်လင်းရာသီအမီ စတုတ္ထအကြိမ်ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။

ပြန်ဆိုဖော်ပြပေးမည်

စာအုပ်တွင် ကမ္ဘာလှည့်ခရီးသွားများ ဝယ်ယူသည့် အမှတ်တရပစ္စည်းများ လွယ်ကူချောမွေ့စွာ ယူဆောင်သွားနိုင်မည့် Export Permit ကဲ့သို့ သုံးနိုင်သည့် သမဝါယမဦးစီးဌာန၏ Cashmemoအကြောင်းကို အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ပြင်သစ်၊ ဂျာမန်ဘာသာများဖြင့် ပြန်ဆိုဖော်ပြပေးမည် ဖြစ်သည်။

ထည့်သွင်းဖော်ပြ

ထိုအပြင် General Information အနေဖြင့် သွားလာမှု လွယ်ကူစေရန် မြေပုံများပေါ်တွင် အရောင်းဆိုင်များ၊ Hotel များ၊ စားသောက်ဆိုင်များ၏ Location များကို ထည့်သွင်းဖော်ပြပေးထားခြင်း၊ မြန်မာလူမျိုးနှင့်ယဉ်ကျေးမှု၊ မြန်မာ့ရာသီဥတု၊ မြန်မာ့ပွဲလမ်းသဘင်များ၊ မြန်မာနိုင်ငံတွင်းဈေးဝယ်ခြင်းဖြင့် ငွေပေးငွေယူစနစ်များ၊ စည်းမျဉ်းများနှင့် အကောင်းဆုံးဈေးဝယ်လမ်းညွှန်များ၊ ခရီးသည်များ စိတ်ဝင်စားစွာ လေ့လာနိုင်ရန် ပြည်နယ်၊ တိုင်းများနှင့် ပြတိုက်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များ၊ ယွန်းထည်ပစ္စည်းအရောင်းဆိုင်များ၊ ပန်းချီ၊ပန်းပုအရောင်းဆိုင်များ၊ ကြိမ်လုပ်ငန်းနှင့် ကြိမ်ထည်များ၊ ငွေထည်ပစ္စည်း၊ငွေချည်ထိုးများ စသည်များကို ဖော်ပြထားမည် ဖြစ်သည်။

ထို့အပြင် စာအုပ်တွင် အရေးကြီးတယ်လီဖုန်း နံပါတ်များ၊ မြန်မာနိုင်ငံတွင်းရှိ အခြားနိုင်ငံများ၏ သံရုံးများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ တယ်လီဖုန်းနံပါတ်များကိုလည်း ထည့်သွင်းဖော်ပြထားမည်ဖြစ်သည်။

အခမဲ့လွှင့်တင်ပေးမည်

Shopping Guide Book တွင် ကြော်ငြာထည့်သွင်းသော လုပ်ငန်းရှင်များအား ပြန်လည်၍ ကျေးဇူးတုံ့ပြန်သောအားဖြင့် အင်တာနက်တွင် ကြော်ငြာများကို ခြောက်လ အခမဲ့လွှင့်တင်ပေးမည်ဖြစ်သည်။

စာအုပ်ကို အုပ်ရေ ၅၀၀၀ ထုတ်ဝေပြီး သက်ဆိုင်ရာ လုပ်ငန်းများနှင့် လေဆိပ်များတွင် အခမဲ့ ဖြန့်ချိပေး၍ Gift exhibition များ၊ Whole Saler Retailer များ၏လိပ်စာကို Internet မှ ရယူပြီး စာတိုက်မှ အရောက်ပို့ပေးမည်ဖြစ်ပြီး အင်တာနက်တွင် Shopping. Com.mm ဖြင့် ဆက်လက် ကြော်ငြာပေးမည် ဖြစ်သည်။

ဖြန့်ဝေပေးမည်

ဝန်ကြီးဌာနများနှင့် အစိုးရရုံးများ၊ မြန်မာနိုင်ငံရှိ နိုင်ငံတကာသံရုံးများ၊ နိုင်ငံခြားရှိမြန်မာသံရုံးများ၊အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင်လည်း အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်သွယ်ဆောင်ရွက်နိုင်

သို့ဖြစ်၍ ကြော်ငြာထည့်သွင်းလိုပါက ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) သမဝါယမဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုကော်မတီနှင့် အမှတ်တရပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးဆပ်ကော်မတီဖုန်း–၂၄၃၈၅၆၊ D.P.S ၁၆၅–၁၆၇၊ ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၀၄၀၂၀၊ ၂၀၄၀၈၂၊ ၇၀၀၅၄၁ E-mail; dps@myanmar. com. mm နှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၂ ရက်က အလက(၇) လှိုင်သာယာ ကျောင်းဝင်းအတွင်း ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ဆောင်ရာတွင် ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်း ဦးဆောင်ပြီး မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းဆောင်ရွက်ကြစဉ်။

(၁၈၀)

တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာဟောပြော

ရန်ကုန် ဇွန် ၁၇

ပြင်ဦးလွင်ခရိုင် တိုင်းရင်းဆေးဆရာများအဖွဲ့မှ တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာဟောပြောပွဲများကို မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာအုပ်စု၊ရေနံ့သာကျေးရွာအုပ်စုနှင့် မတ္တရာမြို့ ဘုရင့်နောင်ခန်းမတို့၌ မေ ၂၃ရက် နံနက်ပိုင်းက ကျင်းပရာ မတ္တရာမြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။ **(၃၆၄)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

စည်းလုံးညီညာ အောင်ကြောင်းဖြာ

ဒေါက်တာမြတ်မြတ်အုန်းခင်

မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီ ရှည်လျားခိုင်မာခဲ့သော သမိုင်းကြောင်းတစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်ဝင့်ကြွားထည်ဝါစွာ ရပ်တည်နေထိုင်လာခဲ့သော နိုင်ငံဖြစ်သည်။ ထို့အတူ မြန်မာ့ယဉ်ကျေးမှုသည်လည်း မြန်မာလူမျိုးများနှင့် တစ်ပါတည်း ဖြစ်တည်ထွန်းကားလာခဲ့သည်။ ကမ္ဘာပေါ်တွင် အမျိုးသားယဉ်ကျေးမှုအဆင့်အတန်း အမြင့်မားဆုံးနှင့် အယဉ်ကျေးဆုံး တိုင်းပြည်တစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ မြန်မာလူမျိုးတို့၏ ပင်ကိုစလေ့စရိုက်သည် ရိုးသားသိမ်မွေ့နူးညံ့သော သဘောရှိသည်။ သို့သော် မဟုတ်လျှင်မခံတတ်သော ဗီဇလည်းရှိသည်။ အနိုင်မခံအရှုံးမပေးဘဲ လှေခွက်ချည်းကျန် အလံမလှဲသော စိတ်ထားလည်း ရှိသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများ ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတကာ၌ သိပ္ပံနည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထိုကဲ့သို့ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများ ဖြစ်ထွန်းလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက်ဖြန့်ကြက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထိုပကတိသဘောကို သိရှိနားလည်၍ အမျိုးသားရေးကိုယ်ခံစွမ်းအားစုများ မြင့်မားစေရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်၍ အရေးကြုံက သက်လုံကောင်းရန် အထူးလိုအပ်လှသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးသောနိုင်ငံ၊ မြန်မာတို့သည် ယဉ်ကျေးသိမ်မွေ့သော လူမျိုးများဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားကြသကဲ့သို့ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်ဒြပ်ကို ထာဝရ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စာရေးသူသည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံအပေါ် ကျေးဇူးသစ္စာစောင့်သိရသကဲ့သို့ နိုင်ငံတော်က တာဝန်ပေးအပ်လာပါက နိုင်ငံတော်အကျိုးအတွက် အချိန်ပြည့်အလုပ်လုပ်ရန် တာဝန်ရှိသည်။ ဝန်ထမ်း ဖြစ်လာလျှင် ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းများကို ဝန်ထမ်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် စသည်များတွင် အသေးစိတ် ဖော်ပြထားရှိသည့်အတိုင်း အတိအကျ ဆောင်ရွက်ရသည်။

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်၏ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ်များတွင် နိုင်ငံတော်ပြိုကွဲပျက်စီးမည့် ဘေးအန္တရာယ်များကို တွေ့မြင်ရပြီး ပြည်ထောင်စု မပြိုကွဲရေးနှင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် တပ်မတော်က နိုင်ငံ့တာဝန်အရပ်ရပ်ကို မလွှဲသာမရှောင်သာ တာဝန်ယူဆောင်ရွက်ခဲ့ရပေသည်။ ယနေ့အချိန်အခါသည် နိုင်ငံတော်၊ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်သောစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်သည်။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခေတ်မီအင်အားတောင့်တင်းသော တပ်မတော်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း တည်ဆောက်သွားရမည် ဖြစ်သည်။ အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သော တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

ယနေ့ကာလတွင် တပ်မတော်အစိုးရနှင့် ပြည်သူတို့ အတူလက်တွဲပြီး ပြည်ထောင်စုကြီးတစ်ဝန်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်တို့ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။ နိုင်ငံရေးအရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံ ကျင်းပနိုင်ခြင်း၊ စီးပွားရေးအရ ဈေးကွက်စီးပွားရေးစနစ်ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ လယ်ယာစိုက်ပျိုးရေးအတွက် ဆည်မြောင်းတာတမံများ ရာနှင့်ချီ၍ တည်ဆောက်ပေးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးရေနက်ကွင်းများအား စိုက်ပျိုးမြေအဖြစ် တိုးချဲ့ဖော်ထုတ်နိုင်ခြင်း၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအထောက်အကူပြုနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးအတွက် မြစ်ကူးတံတားကြီးများ အပါအဝင် လမ်းတံတားများ တည်ဆောက်ပြုပြင်ဖောက်လုပ်ပေးခြင်း၊ လူမှုရေးအရ ပညာရေးကဏ္ဍကို အထူးမြှင့်တင်ပေးသကဲ့သို့ ကျန်းမာရေးကဏ္ဍတွင် တောနှင့်မြို့ကွာဟမှုမရှိစေရန် ဆေးရုံဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ထူထောင်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်လာသဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေး ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို အတိအလင်း ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၄-၅-၂၀၀၄ရက်နေ့ မိုးမိတ်မြို့နယ်ခန်းမ၌ အမှာစကားပြောကြားရာတွင်လည်း **“မြန်မာနိုင်ငံသည် တိုင်းရင်းသား မျိုးနွယ်စု ၁၀၀ကျော် စုပေါင်းနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စု နိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအားလုံး စည်းလုံးညီညွတ်မှုရှိရန် အထူးအရေးကြီးကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိမှသာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် ဤသဘောတရားကို သိရှိပြီး မိမိတို့ဒေသနေ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရေးတို့အတွက် တာဝန်သိသိ စေတနာရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် ဆောင်ရွက်ရာတွင် စည်းကမ်းစနစ်ကျနရန် အရေးကြီးလှသည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း ကျင်းပခဲ့သော အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူ ၁၀၄ချက်နှင့် အသေးစိတ် အခြေခံရမည့်မူများကို အဆိုပါညီလာခံသို့ တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်တော်ကြီးများက သဘောတူချမှတ်ခဲ့ကြပြီးဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားညီလာခံကို အောင်မြင်ချောမောစွာ ဆက်လက် ကျင်းပနိုင်ရေးအတွက် ၂၀၀၃ခုနှစ် စက်တင်ဘာလ ၆ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀/၂၀၀၃)ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဥက္ကဋ္ဌအဖြစ်ပါဝင်သော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ကို ပြောင်းလဲ တာဝန်ပေးအပ်ခဲ့သည်။ ထို့အတူ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီကို ပြန်လည်ပြင်ဆင် ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံ၏ လက်ရှိပကတိသမိုင်းခေတ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ကြီးမားသော တိုးတက်ပြောင်းလဲဖြစ်ထွန်းမှုများနှင့်အတူ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပထမအဆင့်ဖြစ်သည့် ယာယီအားဖြင့် ဆိုင်းငံ့ထားသော အမျိုးသားညီလာခံကြီးအား ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပလျက်ရှိသည်အထိ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်သည်။

ယခုကဲ့သို့ အခြေခံကောင်းများဖြစ်ထွန်းပေါ်ပေါက်လျက်ရှိသည့် အချိန်အခါကောင်းတွင် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်ရှေ့ရေးနှင့် ဒီမိုကရေစီအရေးကို ရှေးရှု၍ မိမိတို့ မူဝါဒလမ်းစဉ်များကို တရားသေစွဲကိုင်မထားဘဲ ပြန်လည်သုံးသပ်ပြီး နည်းလမ်းရှာကြံ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မည် ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီအဖွဲ့အစည်းများအနေဖြင့် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး မူဝါဒများကို စွန့်လွှတ်၍ နိုင်ငံတော်က ကြိုးပမ်းတည်ဆောက်နေသည့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင် ကြိုးပမ်းသွားကြရန် လိုအပ်ပေသည်။ သို့မှသာ နိုင်ငံတော်က ချမှတ်ထားသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ နိုင်ငံတော်၏ အသက်သွေးကြောတမျှ အရေးပါလှသော ဤတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရန်လိုအပ်လှသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရမည် ဖြစ်သည်။ ခိုင်မာသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့် မူများရရှိရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့က အမျိုးသားညီလာခံကြီးတွင် စုံစုံညီညီတက်တက်ကြွကြွ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပါဝင်ဆွေးနွေးအကြံပြုနေကြသည်များကို ဝမ်းသာအားရ တွေ့မြင်နေရပြီ ဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းသည် အောင်မြင်မှုကို ဖြစ်စေသည်။ အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ကိုယ်စားလှယ်အားလုံးက အချင်းချင်းစည်းလုံး ညီညွတ်စွာ ဆွေးနွေးညှိနှိုင်းအဖြေရှာ၍ ဝေဖန်ဆွေးနွေး အကြံပြုနေကြသည်များကို ဝမ်းသာအားရဖွယ် တွေ့မြင်နေရသည်။

သို့ဖြစ်ရာ စည်းလုံးညီညာအောင်ကြောင်းဖြာ ဆိုသကဲ့သို့ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးမှ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့အတွက် အောင်မြင်မှု ရလဒ်ကောင်းများ ပေါ်ထွန်းလာမည်ဟု ယုံကြည်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ညီလာခံ ကိုယ်စားလှယ်များ၏ သန္နိဋ္ဌာန်

* ပြည်သာရန် ညီညာ အတွေးနဲ့
ညီလာခံ သည်မဟာ အရေးမှာဖြင့်
ဆွေးနွေးပါလို့ ညှိနှိုင်းမယ်။

* အခြေခံရမယ့် ဥပဒေ
ယခုမသွေ အမှန်ဆွဲမယ်ကွယ့်
ဉာဏ်လည်းတော် နိုင်ငံချစ်သူတို့
ရေးလို့ နေတယ်။

* ပြုစုနေတဲ့ ဒီဥပဒေ
ပြည်သူတွေအတွက် ဒီမိုကရေစီလမ်း။

* သည်စခန်း ညောင်နှစ်ပင်မှာ
နောင်အစဉ်သာ စိတ်မပန်းရအောင်
ဒို့နိုင်ငံ တည်မယ့်လမ်းကို
(ကိုယ်စားလှယ်တို့ရေ...)
ရေးစို့ တစ်စိတ်တစ်ဝမ်း။ ။

ဒေါက်တာ လှစိုးတင့် (ဆေးသုတေသန)

ကညွတ်ကွင်း-မိဿလင်လမ်းနှင့် ကျေးလက်အိမ်ရာများ စည်ပင်ဒုတိယအင်ဂျင်နီယာချုပ်လှည့်လည်ကြည့်ရှု

ရန်ကုန် ဇွန် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းဌေးသည် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၂ရက်က ပဲခူးတိုင်း ဖြူးမြို့နှင့် ရေတာရှည် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျေးလက်အိမ်ရာ

ဒုတိယအင်ဂျင်နီယာချုပ်နှင့် အဖွဲ့သည် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကညွတ်ကွင်း-မိဿလင်လမ်းကျောက်ခင်းခြင်း လုပ်ငန်းနှင့် ကညွတ်ကွင်းတွင် ဆောက်လုပ်ပြီးစီး၍ နေထိုင်လျက်ရှိသော ကျေးလက်အိမ်ရာများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယအင်ဂျင်နီယာချုပ်နှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ရေတာရှည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်ခဲ့သော ဆွာ-ဂုံမင်းကွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း**(အပေါ်ပုံ)**နှင့် မြို့လုကျေးရွာ အုပ်စု ငွေတောင်ကျေးရွာတွင် ဆောက်လုပ်ပြီးစီးသော ကျေးလက်အိမ်ရာများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယအင်ဂျင်နီယာချုပ်နှင့်အဖွဲ့သည် ဖြူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သော အခြေအနေနှင့် ပျိုးဥယျာဉ်၌ ပန်းအလှပျိုးထောင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(နယ်စပ်/စည်ပင်)**

ရခိုင်ပြည်နယ် လေဘေးဒုက္ခသည်များအား ငွေသားနှင့် ပစ္စည်းတန်ဖိုး ၂၂၅ သိန်းကျော်လှူဒါန်း

ရန်ကုန် ဇွန် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ ရခိုင်ပြည်နယ်အသင်း (ဒါနချစ်သူများ)မှ ဝန်ကြီးရုံးအစည်းအဝေးခန်းမသို့ ယနေ့နံနက် ၉ နာရီတွင် လာရောက်တွေ့ဆုံပြီး ရခိုင်ပြည်နယ် လေဘေးဒုက္ခသည်များအတွက် ငွေသားနှင့် ပစ္စည်းတန်ဖိုး ၂၂၅သိန်း ကျော်လှူဒါန်းခဲ့ရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

ရှေးဦးစွာ လှူဒါန်းရခြင်းအကြောင်းကို ရခိုင်ပြည်နယ်အသင်း (ဒါနချစ်သူများ)ကိုယ်စား ဒေါက်တာကျော်သိန်းက ရှင်းလင်းတင်ပြပြီး ငွေသား ၈၁သိန်းကို ရခိုင်သဟာယအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်သိန်းကလည်းကောင်း၊ ရေသန့် ကျပ်သိန်း ၂၀ဖိုးကို Alpine Co., Managing Director ကိုယ်စား ဦးဇော်အေးမောင်ကလည်းကောင်း၊ ဆန်အိတ်ပေါင်း ၆၄၇အိတ်(တန်ဖိုး ၃၂သိန်းကျော်)ကို ရခိုင်လူမှုရေးအသင်း (ဂျပန်) မှ ဦးမျိုးဆွေကလည်းကောင်း၊ အဝတ်အထည် ၉၀၀၀ ကျော် (တန်ဖိုးကျပ်သိန်း ၄၀ခန့်)ကို ရခိုင်အမျိုးသမီးအသင်းအတွင်းရေးမှူး ဒေါ်ယဉ်ယဉ်ကလည်းကောင်း၊ ခြင်ထောင် ၃၂၀ (တန်ဖိုး ၁၂ သိန်းကျော်)ကို စစ်တွေကောလိပ်ကျောင်းသားဟောင်းများအသင်း အမှုဆောင် ဒေါ်ခိုင်ခိုင်ဇံကလည်းကောင်း၊ စောင်အထည် ၃၀၀ (တန်ဖိုး၂၄သိန်းကျော်)ကိုမြေပုံမြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးလှထွန်းဦးက လည်းကောင်း၊ စာရေးကိရိယာ တန်ဖိုး ရှစ်သိန်းကျော်ကို ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) အတွင်းရေးမှူး ဒေါ်နုမြဇံကလည်းကောင်းပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်တွင် မကြာသေးမီက တိုက်ခတ်သွားသော လေပြင်းဒဏ်သင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရန်ကုန်မြို့ပေါ်ရှိ ရခိုင်သူ ရခိုင်သားများ၏ ဒါနချစ်သူများ (ရန်ကုန်)က ကမကထပြုကာ အလှူငွေများ၊ ပစ္စည်းများ ကောက်ခံခဲ့ပြီး ပထမအကြိမ်အဖြစ် လှူဒါန်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ အလှူရှင်များက အလှူငွေနှင့်အလှူပစ္စည်းများပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အပ္ပဲချုပ်ဥက္ကဋ္ဌဖလား အိုးပင်း(တစ်ဦးချင်း) စစ်တုရင် ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၁၇

၂၀၀၄ခုနှစ် (၈)ကြိမ်မြောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားအိုးပင်း(တစ်ဦးချင်း)အလွတ်တန်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သီတာခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်စစ်တုရင်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး စစ်တုရင်ပထမရွှေ့ကွက်ကို ရွှေ့ပေးပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အလှူရှင်များပေးအပ်လှူဒါန်းသည့် အလှူငွေများကို ဥက္ကဋ္ဌက လက်ခံရယူသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုကျပ်ငါးသောင်း၊ ဒုတိယဆုကျပ် သုံးသောင်း၊ တတိယဆု ကျပ်နှစ်သောင်း၊ စတုတ္ထဆု ကျပ်တစ်သောင်းခွဲ၊ ပဉ္စမဆုကျပ် တစ်သောင်း စုစုပေါင်းကျပ်တစ်သိန်းနှစ်သောင်းငါးထောင်ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် စစ်တုရင်အားကစားသမား ၁၁၀ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို ဇွန်၂၃ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သုဓမ္မာတိုက်ကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း ၃ လမ်း သုဓမ္မာတိုက်ကျောင်း သဒ္ဓမ္မဇောတိကဓဇမဟာ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမအား သိက္ခာတော်ထပ်မင်္ဂလာပွဲနှင့် ဆရာတော် အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၅ရက်(တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ကျောင်းတိုက်နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အောင်ပွဲရမြန်မာမြင်းစီးအဖွဲ့အား ဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရွှေတံဆိပ်ဆုရှင် မအေးသက်တာအားကျပ်တစ်သိန်းချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

အောင်ပွဲရ မြန်မာမြင်းစီးအဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ အားကစားဝန်ကြီး ဂုဏ်ပြုအမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မလေးရှားနိုင်ငံ ပီနန်ကျွန်းတွင် ကျင်းပပြီးစီးခဲ့သည့် မလေးရှားအမျိုးသားမြင်းစီးအားကစားပွဲတော် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခုရ မြန်မာမြင်းစီးအဖွဲ့အား ယမန်နေ့ည ၇ နာရီက လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ Panda Hotel တွင် ကျင်းပသည့် ဂုဏ်ပြုပွဲသို့ တက်ရောက်အားပေးပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ အမှုဆောင်များ၊ အောင်ပွဲရမြန်မာမြင်းစီးအဖွဲ့ခေါင်းဆောင် ဦးငြိမ်းကျော်နှင့် နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာ့မြင်းစီးအားကစားအဖွဲ့ခေါင်းဆောင် ဦးငြိမ်းကျော်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ဆက်လက်၍ မြန်မာ့မြင်းစီးအားကစားမယ် ရွှေ (၂)၊ ငွေ (၁)၊ ကြေး (၁) ခုဆွတ်ခူးပေးသော မအိသက်မွန်၊ ရွှေတံဆိပ်တစ်ခုရှင် မအေးသက်တာနှင့် ဆုရရှိသူများအား ဝန်ကြီးက ဆုချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၁၇

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ သက်ကြီးမိဘ ဘိုးဘွားကန်တော့ခြင်း၊ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပြုလုပ်ခြင်းနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တရဋ္ဌသာရ(အဂ္ဂမဟာပဏ္ဍိတ)၊ဆရာတော်ဘဒ္ဒန္တဥတ္တရ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် (၅၈)၊(၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်အနုပညာကဗျာစာပေဆုရဘဒ္ဒန္တဝေပုလ္လ(ဂဏဝါစက)၊ စာရေးဆရာမောင်ဘုန်းဝေ(တောင်ကုတ်) တို့အားချီးကျူးဂုဏ်ပြုခြင်း မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၅ရက်တွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ကျင်းပမည်ဟု သိရသည်။ (က–ပ)

ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ရန်ကုန်တိုင်းမောင်မယ်များ ပထမဒိုင်းဆုဆွတ်ခူး

ရန်ကုန် ဇွန် ၁၇

အားကစားဝန်ကြီးဌာနအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒို ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က တက်ရောက်အားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအမျိုးသားအသင်းက ရွှေခြောက်ခု၊ ကြေးလေးခုဖြင့် ပထမ ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိပြီး ရန်ကုန်တိုင်း အမျိုးသမီးအသင်းက ရွှေလေးခု၊ ကြေးနှစ်ခုဖြင့် ပထမဒိုင်းဆုကြီးကို ရယူသွားသည်။

ငါးကြိမ်ဆက်ရ

အကောင်းဆုံးအမျိုးသားအားကစားသမားဆုကို ရန်ကုန်တိုင်းမှ သူရထွန်းနှင့် အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုကို ကယားပြည်နယ်မှ ဆန်းငုဝါစုးကဆွတ်ခူးရရှိသည်။ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပေးအပ်ချီးမြှင့်သည်။ ရန်ကုန်တိုင်း အမျိုးသားအသင်းသည်ငါးကြိမ်ဆက်တိုက်ဗိုလ်စွဲသွားခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

အဋ္ဌမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒို ပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီးပထမဒိုင်းဆုကြီးများ ဆွတ်ခူးသွားသော ရန်ကုန်တိုင်းအသင်းအား ဆုယူအပြီးတွေ့ရစဉ်။
(မြန်မာ့အလင်း)

မိုးကွက်ကျားရှာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇွန် ၁၇

ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပြုလုပ်မည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေအသင်းဝင်များ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုးရာသီ သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနား တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုးရာသီသစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ သစ်တပင်တောင် ခြေတော်ရာဘုရားကုန်းမြေ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးတို့ကသစ်ဆိမ့်ပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သစ်ဆိမ့်ပင်များ တပျော်တပါး စုပေါင်း စိုက်ပျိုးမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ ကျိုင်းတုံ-တောင်ကြီးလမ်းအထွက် ကျိုင်းဖောင်း တောင်ကုန်းတွင်လည်းကောင်း သစ်ဆိမ့်ပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ယာယီမဏ္ဍပ်တွင် သစ်တောဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးဆယ်က၂၀၀၄ခုနှစ်၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင်သစ်ဆိမ့်ပင်လေးသိန်း စိုက်ပျိုးမည့် အစီအစဉ်များနှင့် သစ်တပင်တောင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် သစ်ဆိမ့်ပင်ပေါင်း၁၁၇၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် ယခင်နှစ်က သစ်ဆိမ့်ပင် ၁၁၈၀၀ စိုက်ပျိုးပြီးဖြစ်ရာ စုစုပေါင်း၂၃၅၀၀ပင် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၄ ရက်က ၂၀၀၄ ခုနှစ် ဗုဒ္ဓဘာသာကလျာဏယုဝ(ဝိုင်အမ်ဘီအေ)အသင်း၏(၅၅)ကြိမ်မြောက်မင်္ဂလာလူရည်ချွန်ဆုချီးမြှင့်ပွဲတွင် တစ်နိုင်ငံလုံး၌ ပထမဆုရ အမက(၄)မြောက်ဥက္ကလာပမှ မောင်ပိုင်စိုးအား ကျောင်းအုပ်ဆရာမကြီး၊ သင်ကြားပေးသူဆရာမတို့နှင့်အတူ ဆုယူ အပြီးတွေ့ရစဉ်။ (က-ပ)

သစ်ခွစိုက်ပျိုးနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး ဖွင့်လှစ်မည့် စီးပွား ဖြစ်သစ်ခွစိုက်ပျိုးနည်းသင်တန်းအမှတ်စဉ် (၁/၂၀၀၄)ကို၂၀၀၄ခုနှစ် ဇူလိုင်၂၀ရက်မှ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၄နာရီအတွင်း ရန်ကုန်မြို့ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စု အေးရိပ်မြိုင် ခန်းမဆောင်၌ သင်တန်းသား သင်တန်းသူ ၅၀ဖြင့်ဖွင့်လှစ်ရန် စီစဉ်ထားသည်။

ဆက်သွယ်စာရင်းပေးသွင်းနိုင်

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ်၅၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၆၀၀၀စီ သတ်မှတ်ထားပြီး တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင် အတွင်းရှိ အသင်းရုံးဖုန်း-၂၇၉၃၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကွင်းဆင်း ကြီးကြပ်

ကျောက်တန်းမြို့ ဦးမင်းလွင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးကြည်တင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှိုင်အေးတို့ မေ ၂၈ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီကြီးမှူး မူလတန်းကြိုကျောင်းဆရာမများ၏ လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၇

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှု ကော်မတီမှ ကြီးမှူးကျင်းပသည့် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်းရှိ မူလတန်းကြို ကျောင်းဆရာမများ၏ လုပ်ငန်းခွင် မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်၁၅ရက် နံနက် ၈နာရီက ပုသိမ်မြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ကျင်းပသည်။

အစီအစဉ်အရ တိုင်းအသင်းကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်က အမှာစကားပြောကြားပြီး တိုင်းလူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဆွေက မူလတန်းကြိုကျောင်းဆရာမများ မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၏ ဇနီးနှင့်အဖွဲ့ဝင်များသည် အဆောက်အအုံအတွင်း သင်တန်းခန်းမ၌ ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ကြည်ဝင်း၏ သင်တန်းပို့ချနေမှုကို ကြည့်ရှု အားပေးပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့သွားရောက်၍သားဖွားမိခင်များအားတွေ့ဆုံနှုတ်ဆက်အားပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

သင်တန်းကာလ

အဆိုပါ မူလတန်းကြိုဆရာမများ မွမ်းမံသင်တန်းသို့ သင်းတန်းသူ ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည် ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စတိုင်ဇာတ်ကား သမ္မတ၊သွင်နှင့်မင်္ဂလာရုံများတွင် အပြိုင်ဝင်လာ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရန် ပညာပေးထား

ရုံသုံးရုံအပြိုင်ဝင်လာသော 'စတိုင်'ဇာတ်ကားမှ ပွင့်နှင့်ရာဇာနေဝင်း။

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇွန် ၁၇

ဒါရိုက်တာ မိုက်တီးဖန်တီးပြီး လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာ၊ ဇာဂနာ၊ မေသဥ္စာဦးတို့ ခေါင်းဆောင်ပါဝင်ထားသော 'စတိုင်' ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများတွင် ယနေ့ရုံဝင်လာသည်။

မြန်မာအမျိုးသမီးများ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရန်လိုအပ်နေပြီဖြစ်ကြောင်း 'စတိုင်'က သတိပေးထားသည်။

ယနေ့ ကမ္ဘာတွင် မိမိတို့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့် နိုင်ငံဆို၍ မြန်မာ တစ်နိုင်ငံတည်းသာ ရှိတော့သည်။

ပုဆိုးနှင့်ထဘီကို မြန်မာတို့ယနေ့တိုင် မြတ်နိုးဆဲ၊ထိန်းသိမ်းဆဲဖြစ်သည်။ ယင်း အစဉ်အလာကောင်းကို ဆက်ထိန်းရန် **'စတိုင်'**က မီးမောင်းထိုးပြထားသည်။ အချို့သော မြန်မာအမျိုးသမီးများ စကတ်၊ ဂါဝန်၊ ထဘီစကတ်များကို အလယ်ကွဲ၊ နောက်ကွဲ၊ ဘေးကွဲ အကွဲမျိုးစုံခွဲ၍ အရှက်မကွဲရုံတမည် ဝတ်ဆင်နေကြသည်။ ခေတ်လွန်သရုပ်ပျက်ဟူသည် ပျက်စကပင် ထိန်းသိမ်းနိုင်မှ တန်ကာကျသည်။ တစ်စက်တစ်ပေါက်မှ မြစ်ချောင်း အင်းအိုင် သမုဒ္ဒရာကြီး ဖြစ်လာနိုင်သည်။တစ်မှုန်တစ်ခဲမှ တောင်ပို့တောင်တန်း ဖြစ်လာနိုင်သည်။ တစ်ဦးတစ်ယောက်ကအစ ထိန်းသိမ်းမှ မြန်မာ့ယဉ်ကျေးမှု ကမ္ဘာ့အလယ် ဝင့်ထည်ရှည်ကြာနိုင်မည်ဖြစ်ကြောင်း ဒါရိုက်တာမိုက်တီးက လှလှပပ တင်ပြထားသည်။

'တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်' ဇာတ်ကားမှာ ရွှေဆောင်ရုံတွင် ပြသနေသည်။ သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာ **'ဘာအရေးကြီးဆုံးလဲ'** ဇာတ်ကားမှာ စံပြ၊ ဝဇီရာ၊ ရွှေမန်းနှင့် သီတာရုံများသို့ ရောက်သွားပြီဖြစ်သည်။

'တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ ဖြစ်တတ်သည်'ဇာတ်ကားမှ ဒွေးနှင့်ထက်ထက်မိုးဦး။

S.W.A.T အက်ရှင်ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ပြသနေပြီး ဘုရင်ရုံတွင် Andaaz အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။

ဒါရိုက်တာKUNDAN SHAH ရိုက်ကူးပြီး Arjun Rampal, Jimmy Shergil, Rekha, Preity Zinta တို့ပါဝင်ထားသည့် ဖခင်ကို ချစ်လွန်းသည့်စိတ်ဖြင့် ဒုတိယဇနီးမှရသော သမီးကို မကြည်ဖြူသော်လည်း မိမိက မေတ္တာရှေ့ထားပြီး အကောင်းဆုံး နေထိုင်ခဲ့သည်။ ဤဇာတ်ကားတွင် မေတ္တာ၏ သဘောသဘာဝ ပေါ်လွင်အောင် ရိုက်ကူးထားသော Dil Hai Tumhaara ဇာတ်ကား မြို့မရုံတွင် ပြသလျက်ရှိသည်။ ဒါရိုက်တာ Jerry Zuckerရိုက်ကူးပြီး တစ်ချိန်က ဂျိမ်း(စ်)ဘွန်းဇာတ်ကားဖြင့် နာမည်ကြီးလာသည့် မင်းသားကြီးရှောင်ကွန်နရီပါဝင်ထားကာ လူဆိုးအဖွဲ့တွင်း ရောက်ရှိသွားသည့် အိမ်ရှေ့ မင်းသမီးလေးကို အညတြ လူငယ်လေးကဘေးမသီ ရန်မခဘဲ ကယ်တင်ခဲ့သည့် First Knightအက်ရှင် ဇာတ်ကား ရွှေဂုန်ရုံတွင် ပြသလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

'S.W.A.T'မှ ဇာတ်ဝင်ခန်းတစ်ခန်း။

'မှော်ဝင်ကြိုး' မကြာမီ ရုံတင်မည်

ကြိုးကတော့ လူတိုင်းတီးခတ်နိုင်သည့် ရိုးရိုးကြိုးလေးတွေပါပဲ။ ဒါပေမယ့် မှော်ဝင်ကြိုးဖြစ်ဖို့ဆိုရင် မှော်ဆရာရဲ့ လက်တစ်စုံလိုအပ်ပါတယ်ဆိုတဲ့ ဒါရိုက်တာ မောင်မျိုးမင်း၏ 'မှော်ဝင်ကြိုး' မကြာမီ ရုံတင်မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

*** ကျောဖုံးမှ**

ရုရှားအသင်း ပွဲမကုန်မီ အုပ်စုမှထွက်ရန် သေချာသွားပြီး အုပ်စုတက်မည့်အသင်း ပေါ်ထွက်လာခြင်းမရှိသေးပေ။ ဇွန် ၁၆ ရက် ပွဲစဉ်များပြီးဆုံးသည်အထိ နှစ်ပွဲဆက်တိုက်အနိုင်ရသောအသင်းမရှိသေး၍ လက်ကျန်ပွဲများက ပရိသတ်ကို ဖမ်းစားနေဦးမည်ဖြစ်သည်။

အုပ်စု(ဂ)၏ ဒုတိယမြောက်ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ဇွန် ၁၈ ရက်(ယနေ့)မြန်မာစံတော်ချိန် ည၁၀နာရီခွဲတွင် ဘူဂေးရီးယားနှင့် ဒိန်းမတ်၊ ဇွန် ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် အီတလီနှင့် ဆွီဒင်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စု(ဂ)တွင် တစ်ပွဲစီကစားပြီးချိန်၌ ဆွီဒင်က တစ်ပွဲနိုင် (၃)မှတ်၊ အီတလီနှင့် ဒိန်းမတ်က တစ်ပွဲသရေ (၁)မှတ်စီနှင့် ဘူဂေးရီးယားက တစ်ပွဲရှုံး အမှတ်မရသေးပေ။ လက်ရှိအနေအထားအရ ဆွီဒင်က အလားအလာအကောင်းဆုံးဖြစ်နေသည်။ အီတလီနှင့် ဒိန်းမတ်တို့ မျှော်လင့်ချက်ရှိနေသော်လည်း ဘူဂေးရီးယားမှာ မသေချာမရေရာ ဖြစ်နေသည်။

ဒိန်းမတ်အသင်း

နာမည်ကြီး အီတလီကိုဂိုးမရှိသရေကစားခဲ့သော ဒိန်းမတ်အသင်း၏ခြေစွမ်းမှာ ကြိုက်လောက်စရာဖြစ်သည်။ ဒိန်းမတ်အသင်းပါဝါအလွန်ကောင်းပြီး ဥရောပဟန်ကို နိုင်နိုင်နင်းနင်းကစားသွားနိုင်သည်။ ထိုနေ့က အီတလီဂိုးသမားဘူဖွန်ရော ဒိန်းမတ်ဂိုးသမား ဆိုရင်ဆင်ပါ လက်စွမ်းပြနိုင်ခဲ့ပြီး ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ဒိန်းမတ်ဂိုးသမား ဆိုရင်ဆင်ရရှိခဲ့သည်။ ဒိန်းမတ်အသင်း၏ အားသာချက်မှာ ဂိုးသမားဆိုရင်ဆင်၏ အစွမ်းပြနိုင်မှုဖြစ်ပြီး ဘူဂေးရီးယား၏ အားနည်းချက်ထဲတွင် ဂိုးသမားဆီဒရာကော့ဗ်လည်း ပါဝင်နေသည်။ ဂိုးသမားချင်းယှဉ်လျှင် ဒိန်းမတ်က သာနေသည်။

ဒိန်းမတ်အသင်းအဖို့ အားတက်စရာတစ်ခုမှာ မိခင်ကျန်းမာရေးအခြေအနေကြောင့် ပေါ်တူဂီသို့ မလိုက်ပါနိုင်ခဲ့သော အလယ်တန်းလူဂရွန်ဂျာ (ချယ်လ်ဆီး) ပါဝင်ကစားမည့်အချက်ပင်ဖြစ်သည်။ ကင်ဆာရောဂါဖြင့် ဆုံးပါးသွားသောမိခင်၏ ဈာပနကိစ္စပြီးဆုံးသွားပြီဖြစ်၍ ဒိန်းမတ်အသင်း၌ ပါဝင်ကစားရန် အလယ်တန်းလူဂရွန်ဂျာသည် ပေါ်တူဂီသို့ရောက်ရှိလာကာအသင်းနှင့်အတူလေ့ကျင့်ခန်းဆင်းနေပြီဖြစ်သည်။ ဒိန်းမတ်နည်းပြမော်တင်အော်ဆင်သည် ဂရွန်ဂျာမလိုက်ပါသော်လည်း လူစားမထိုးဘဲ ကစားသမား၂၂ဦးဖြင့်သာ ပေါ်တူဂီသို့ထွက်လာခဲ့သည်။ နည်းပြမော်တင်အော်ဆင်က ဂရွန်ဂျာအတွက် အသင်း၌ နေရာအမြဲရှိကြောင်း၊ ဂရွန်ဂျာ ပါဝင်ကစားနိုင်တော့မည်ဖြစ်၍ ဝမ်းသာမိကြောင်းပြောကြားသည်။

ဒိန်းမတ်အလေးသာ

၁၉၉၂ ခုနှစ်ဥရောပဖလားဘောလုံးပြိုင်ပွဲတွင်ဗိုလ်စွဲခဲ့သော ဒိန်းမတ်အသင်းသည် ယခုခြေစွမ်းများအရ အုပ်စုမှကျော်နိုင်သည်ဟု သုံးသပ်မိသည်။ ဒိန်းမတ်အသင်းသည် စည်းစနစ်ကောင်းမွန်ပြီး လူကောင်ထွားကျိုင်းကြသည့်အချက်ကလည်း တစ်ဖက်အသင်းအဖို့ ကစားရခက်စေသည်။ ဒိန်းမတ်အသင်းသည် စိတ်ဓာတ်မာကျောပြီး အသင်း၏ ကစားကွက်ကို ပုံပျက်မသွားအောင် ထိန်းထားနိုင်စွမ်းရှိကြသည်။ ဒိန်းမတ်အသင်းက ဘူဂေးရီးယားကို အနိုင်ရပြီး သုံးမှတ်အပြည့်ယူကာ ဆွီဒင်နှင့် ကစားမည့် အီတလီကို စိုးရိမ်စိတ်ဝင်စေလိမ့်မည်ဟု စာရေးသူ တွေးထင်နေမိသည်။

အီတလီနှင့်ဆွီဒင်

အုပ်စု(ဂ)မှ အီတလီနှင့်ဆွီဒင်ပွဲမှာမူလကပင်ပွဲကြီးပွဲကောင်းဖြစ်မည်ဟု ယူဆထားကြရာ ယခုလို ပွဲဦးထွက်၌ ဂိုးမိုးခေါင်ခဲ့သော နာမည်ကြီးအီတလီနှင့်ပွဲဦးထွက် ဂိုးမိုးရွာခဲ့သောအဝါရောင်ဆွီဒင်တို့ တွေ့ကြပြီဆိုသောအခါ စိတ်လှုပ်ရှားစရာပွဲတစ်ပွဲ ဖြစ်လာရသည်။ ဒိန်းမတ်ကိုသရေကျခဲ့သော ရလဒ်အပေါ် အီတလီ မီဒီယာများက ဝိုင်းဝန်းဖိအားပေး၍ ရေးသားလျက်ရှိကြရာ အီတလီအသင်းအဖို့ ယခုပွဲတွင် သရေပင်မကျဝံ့လောက်အောင်ဖြစ်နေသည်။

အီတလီအသင်း၏ ရှေ့တန်းတွင် နာမည်ကျော် တိုက်စစ်မှူးများ တစ်ပြုံကြီးပါနေရာ လက်ရှိချန်ပီယံပြင်သစ်ပြီးလျှင် ရှေ့တန်းတိုက်စစ်အားအကောင်းဆုံးဖြစ်နေသည်။ တော့တီ(ရိုးမား)၊ ဗီယာရီ(အင်တာမီလန်)၊ ကော်ရီဒယ်(လာဇီယို)၊ဒယ်ပီယာရို(ဂျူဗင်းတပ်)၊ ဒီဗိုင်ယို(ဂျူဗင်းတပ်)နှင့် ကာဆာနို(ရိုးမား) တို့ပါဝင်ကြရာ တာထွက် တိုက်စစ်မှူးများကောင်းကြသလို အရန်အင်အားလည်းကောင်းသည်။ သို့သော် ဒိန်းမတ်နှင့်ပွဲတွင် တစ်ဂိုးပင်မသွင်းနိုင်ခဲ့ကြ၍ မျက်နှာပျက်ခဲ့ရသည်။ ဂိုးသမားဘူဖွန်ကြောင့်သာမရှုံးခဲ့ခြင်းဟု အီတလီသတင်းစာများ၌ ဘူဖွန်ကို ချီးကျူးခဲ့ကြသည်။

အီတလီနည်းပြထရာပတ်တိုနီ၏ ၄–၂–၃–၁ ပုံစံဖြင့် လူနေရာချထားမှုမှာ အလုပ်မဖြစ်သေးပေ။ နည်းပြထရာပတ်တိုနီက ဒိန်းမတ်အသင်းနှင့် ကစားမည့် လူစာရင်းကို ပြိုင်ပွဲမစတင်ပြီကပင် ထုတ်ပြန် ကြေညာခဲ့ပြီး ၄–၂–၃–၁ ပုံစံဖြင့် ကစားစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပေါ်တူဂီ နည်းပြစကိုရီလာသည် ပထမပွဲမှ အမှားကို ပြင်ဆင်နိုင်ခဲ့၍ ရုရှားကိုအနိုင်ရခဲ့သလို နည်းပြထရာပတ်တိုနီအနေဖြင့် အမှားကို သင်ခန်းစာယူ၍ ပြင်ဆင်ရပေလိမ့်မည်။ အီတလီနောက်တန်းသည် ယခင်အသင်းခေါင်းဆောင် မာလ်ဒီနီရှိစဉ်ကကဲ့သို့ မတောင့်တင်းတော့ပေ။

ဆွီဒင်အသင်း

ဆွီဒင်အနေဖြင့် လက်ရှိအနေအထားတွင် တိုက်စစ်ဖွင့်ကစားပုံကောင်းပြီး ရှေ့တန်းလူများ ဂိုးသွင်းအား ထက်မြက်နေသည်။ ဆွီဒင်အသင်း၏ တိုက်စစ်တွင် အီဘရာမိုဗစ်၊ ဟင်းနရစ်လာဆင်နှင့် ယွန်းဘတ်(အာဆင်နယ်)တို့ အတွဲညီပြီး တစ်ဦးအထာတစ်ဦးသိနေကြသည်။ ဘူဂေးရီးယားနှင့်ပွဲတွင် လာဆင်က နှစ်ဂိုးသွင်းယူခဲ့ရာ ဘူဂေးရီးယားနည်းပြ ပလာမန်ကော့ဗ်ကပင် လာဆင်အားချီးကျူးစကားပြောခဲ့သည်။ လာဆင်ကို အီတလီနောက်တန်းမှ နက်စတာ၊ ကန်နာဗာရို၊ ပနူချီနှင့် ဖာရာရီတို့ အတော်လေး ထိန်းရဖွယ်ရှိသည်။

ဆွီဒင်အသင်းပွဲဦးထွက် ဂိုးပြတ်အနိုင်ရထား၍ စိတ်ဓာတ်တက်ကြွနေပြီး ပြဿနာကြီးကြီးမားမားမရှိပေ။ ဘူဂေးရီယားနှင့်ပွဲတွင် ဒဏ်ရာရရှိခဲ့သော နောက်တန်းညာအစွန်လူ တက်ဒီလူဆစ်(လေဗာကူဆင်)သည် အီတလီနှင့်ပွဲ၌ ပါဝင်နိုင်ဖွယ်မရှိပေ။ လူဆစ်၏ဒဏ်ရာမှာ နံရိုးတွင် ထိခိုက်မိခဲ့ခြင်းဖြစ်ပြီး အသင်းဆရာဝန်က အနားယူကာဆေးကုသမှုခံယူရမည်ဟု ပြောကြားထားသည်။

ဆွီဒင်အသင်းသည် ၄–၃–၁–၂ ပုံစံဖြင့် လူနေရာချထားပြီး ကစားမည်ဖြစ်သည်။ ရှေ့တန်းတွင် လာဆင်နှင့် အီဘရာမိုဗစ်ကို တင်ထားပြီး ဆဗန်ဆင်ကို နောက်ချန်တိုက်စစ်မှူး နေရာ၌ ထားကာ ယွန်းဘတ်က ညာကြောမှ အဆင်းအတက်ကစားမည်ဖြစ်သည်။ အီတလီက ဗီယာရီကို အထောင်ထားပြီး ဒဲလ်ပီယာရို၊ တော့တီနှင့် ဖီအိုရီတို့ကို နောက်မှရံကာ ပါရော့တာနှင့် ဂတ်တူဆိုတို့က အလယ်မှ ထောက်ထားသည်။ အီတလီဂိုးသမား ဘူဖွန်ကို အားထားရမည်ဖြစ်သည်။

အီတလီအလေးသာ

အီတလီအနေဖြင့် အုပ်စုတက်ရန် ဆွီဒင်ကို ရှုံး၍မရပေ။ လက်ကျန်ပွဲ၌ ဘူဂေးရီးယားနှင့် ကစားရမည်ဆိုသော်လည်း ဘူဂေးရီးယားက ဒိန်းမတ်ကို နိုင်ခဲ့လျှင် အသက်ဝင်လာပြီး ခက်ခက်ခဲခဲကစားရဖို့ရှိသည်။ ဆွီဒင်အသင်းအနေဖြင့် သရေဆိုလျှင် အလားအလာကောင်းသည်။ အီတလီ အိတ်သွန်ဖာမှောက် ကစားမည်ဖြစ်သလို ဆွီဒင်တိုက်စစ်ဖွင့်ခဲ့လျှင် ပွဲကြည့်ကောင်းနိုင်သော်လည်း ဆွီဒင်အရမ်းကာရောတိုက်စစ်ဖွင့်မည်ဟုမထင်မိပေ။ အီတလီမှ ဂိုးပေါက်ပျောက်နေသော တိုက်စစ်မှူးများကို ယုံစားကာ အီတလီအသင်း ပွတ်ကာသီကာနိုင်သွားလိမ့်မည်ဟု စာရေးသူမြင်ယောင်နေမိသည်။ ။ **(မြန်မာ့အလင်း)**

အုပ်စု(က)မှ စပိန်နောက်တန်းလူ ပူယိုးလ်နှင့် ဂရိတိုက်စစ်မှူး နီကိုလိုင်ဒစ်တို့ ဘောလုံးရရှိရေး ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

စပိန်က ဂရိနှင့်သရေကျသွား၍ အုပ်စုတက်ရေးမရေရာ ပေါ်တူဂီက ရုရှားကိုနိုင်ကာ မျှော်လင့်ချက်ရှင်သန်လာခဲ့

ရန်ကုန် ဇွန် ၁၇

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(Euro 2004)ကို ပေါ်တူဂီနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိသည်။ အုပ်စု(က)ပွဲစဉ်အဖြစ် ဇွန် ၁၆ ရက်မြန်မာစံတော်ချိန် ည ၁၀နာရီခွဲတွင် စပိန်အသင်းနှင့်ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ဇွန် ၁၇ ရက်မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်တွင် အိမ်ရှင်ပေါ်တူဂီအသင်းနှင့်ရုရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စပိန်နှင့်ဂရိ

ပွဲဦးထွက်တွင် နှစ်သင်းစလုံးအနိုင်ရရှိထားကြ၍ ယခုပွဲနိုင်ခဲ့လျှင် အုပ်စုတက်ရန် သေချာမည်ဖြစ်ရာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့၍ ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

စပိန်အသင်းက ခြေသာပြီး ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂရိအသင်းက ချေပဂိုးသွင်းယူနိုင်သဖြင့် သရေနှင့်အဆုံးသတ်ခဲ့ရသည်။ စပိန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၂၈မိနစ်တွင် ရာအူးလ်က နောက်ပေါက်ဖြင့် ထိုးပေးသည့်ဘောလုံးကို မိုရီယင်တေးစ်က ဆွဲယူသွားပြီး ဂရိ ဂိုးသမားနီကိုပိုလိုင်ဒစ်၏ ဘယ်ဘက်သို့ ကန်သွင်းယူခဲ့သည်။

ဂရိနောက်တန်းလူများက စပိန်တိုက်စစ်မှူးများ၏ထိုးဖောက်မှုကို ကြံ့ကြံ့ခံပြီး အသင်းခေါင်းဆောင် ရာအူးလ်ကို စိတ်ကြိုက်ကစားခွင့်မရအောင် ထိန်းချုပ်နိုင်ခဲ့သည်။ ဂရိအသင်းက ခံစစ်အသွင်မှ တန်ပြန်ထိုးဖောက်ကစားသွားရာ ဂိုးရလုရခင်အနေအထားများရှိခဲ့သည်။ စပိန်ဂိုးဧရိယာအစပ်မှ ဂရိအသင်းခေါင်းဆောင် ဇာဂိုရာကစ် လျှပ်တစ်ပြက်ကန်သွင်းသည့် ဘောလုံးကို စပိန်ဂိုးသမား ကားဆီးလက်စ် အမိအရဖမ်းယူနိုင်ခဲ့သည်။ ဂရိအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ခရစ္စတီးဟားစ်က သွင်းယူခဲ့သည်။ စပိန်ကွင်း ဘယ်ခြမ်းမှ ဂရိနောက်တန်းညာအစွန်လူ ဒဲလက်စ် ဘောလုံးဆွဲလာပြီး ဂိုးရှေ့သို့ ခါးပြတ်ဘောချပေးလိုက်သည်ကို ခရစ္စတီးက တစ်ချက်ဖမ်းထိန်းပြီး ကန်သွင်းခြင်းဖြစ်သည်။ စပိန်နောက်ခံလူ ပူယိုးလ်နှင့် ဟယ်လ်ဂွဲယားတို့ ဝင်မလုဘဲ ကန်ခွင့်ပေးလိုက်သည့် အမှားကြောင့် ချေပဂိုးပေးလိုက်ရခြင်းဖြစ်သည်။

ပွဲချိန် မိနစ် ၈၀ တွင် စပိန်အသင်းခေါင်းဆောင် ရာအူးလ်အစား တောရက်စ် လူစားဝင်ကစားသွားသည်။ စပိန်နှင့် ဂရိပွဲအတွက် အကောင်းဆုံးဆုကို ဂိုးမသွင်းနိုင်သေးသူ စပိန်အသင်းခေါင်းဆောင် ရာအူးလ်က ရရှိသည်။ ဂရိမှ ကစားသမား ငါးဦး၊ စပိန်မှ ကစားသမားနှစ်ဦး အဝါကတ်ပြခံခဲ့ရသည်။ စပိန်နှင့် ဂရိတို့ နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေ(၄)မှတ်စီတူညီသော်လည်း အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် စပိန်က အိမ်ရှင် ပေါ်တူဂီနှင့် ကစားရမည်ဖြစ်ပြီး ဂရိက မျှော်လင့်ချက် ကုန်နေပြီဖြစ်သည့် ရုရှားနှင့် ကစားရမည်ဖြစ်သည်။ ဂရိအသင်းပွဲချောင်၍ အုပ်စုတက်ရန် အလားအလာကောင်းနေပြီး စပိန်က ပွဲကျပ်ကစားရမည်ဖြစ်၍ မရေမရာဖြစ်သွားရသည်။

ပေါ်တူဂီနှင့် ရုရှား

အိမ်ရှင်ပေါ်တူဂီအသင်းသည် ပွဲဦးထွက်၌ ဂရိကို ရှုံးထားသဖြင့် အမှတ်မရသေးရာ ယခုပွဲကို သေရေးရှင်ရေးတမျှ သဘောထားကစားခဲ့သည်။ ရုရှားအသင်းကလည်း ပွဲဦးထွက် စပိန်ကို ရှုံးထား၍ အုပ်စုတက်ရေးအတွက် ရေကုန်ရေခန်းကစားသွားသည်။

ပေါ်တူဂီအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၇မိနစ်တွင် ဒေကို ဖြတ်တင်ပေးသည့်ဘောလုံးကို မန်နစ်ချ်က အပိုင်ကန်သွင်းယူခြင်းဖြစ်သည်။ ဂရိကို ရှုံးသောပွဲတွင် ဒေကို ဒုတိယပိုင်း၌ လူစားဝင်လာပြီး ခြေစွမ်းပြနိုင်ခဲ့၍ ယခုပွဲ၌ တာထွက်အသင်း၌ ပါဝင်လာခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းအတွက် ဒုတိယဂိုးကို လူးဝစ္စဖီဂိုအစား လူစားဝင်လာသည့် ခရစ္စတီယာနို ရိုနာလ်ဒိုဖြတ်တင်ပေးသော ဘောလုံးကို ရူအီကော်စတာက ပွဲချိန် ၈၈မိနစ်တွင် သွင်းယူခဲ့သည်။ ရုရှားအသင်းနှစ်ဂိုးပြတ်ရှုံးသော်လည်း ကြိုးစားကစားသွားရာ ခြေမညံ့လှပေ။ ပွဲချိန် ၄၅မိနစ်တွင် ရုရှားဂိုးသမားကြီး အိုချင်နီကော့ဗ် ၁၈ကိုက်စည်းအပြင်ဘက်၌ ဘောလုံးကို ကောက်ယူသဖြင့် အနီကတ်ပြ၍ ထုတ်ပယ်ခြင်းခံရသည်။ ရုရှားအသင်းတွင် စပိန်နှင့် ပွဲ၌ အနီကတ်ထိ၍ ပွဲပယ်ခံထားရသူ ရှရိုနော့ဗ်နှင့် ရုရှားနည်းပြ ဂျော်ဂျီယက်ဆက်ဗ်၏ နည်းစနစ်ကို ဝေဖန်သဖြင့် ရုရှားအသင်းမှ ထုတ်ပယ်ခြင်းခံရသူ မော်စတိုဗွိုင်တို့ မပါဝင်ခဲ့ပေ။

ပေါ်တူဂီအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် စပိန်နှင့် ကစားရမည်ဖြစ်ရာ အနိုင်ရလျှင် ကွာတားဖိုင်နယ်တက်ခွင့်ရမည်ဖြစ်၍ မျှော်လင့်ချက်ရှင်သန်လာသည်။ ရုရှားအသင်းမှာ နှစ်ပွဲဆက်တိုက်ရှုံးသွား၍ မျှော်လင့်ချက်ကုန်သွားပြီး ဂရိနှင့်ပွဲပြီးလျှင် အိမ်ပြန်ရုံသာရှိပေသည်။

(မြန်မာ့အလင်း)

အုပ်စု(က)မှ အိမ်ရှင်ပေါ်တူဂီနှင့် ရုရှားပွဲတွင် ပေါ်တူဂီအတွက် ဒုတိယဂိုးကို ရူအီကော်စတာက ဤသို့သွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

■ အုပ်စု(က) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဂရိ	၂	၁	၁	–	၃	၂	၄
၂	စပိန်	၂	၁	၁	–	၂	၁	၄
၃	ပေါ်တူဂီ	၂	၁	–	၁	၃	၂	၃
၄	ရုရှား	၂	–	–	၂	၀	၃	၀

အရှေ့တောင်အာရှကာယဗလ ဖိတ်ခေါ်ပြိုင်ပွဲမြန်မာပါဝင်ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၁၇

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ဇွန်၁၇ရက် မှ ၂၁ရက်အထိ ကျင်းပမည့် သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှကာယဗလ ဖိတ်ခေါ်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင် (အတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်) ခေါင်းဆောင်၍ အုပ်ချုပ်သူ ဌာနမှူးဦးကျော်သန်း(ဘတ်ဂျက်နှင့်ငွေစာရင်းဌာန)၊ အားကစားသမားများအဖြစ် ၅၅ကီလိုတန်းတွင် ဇော်ဝမ်း(မြို့တော်စည်ပင်)နှင့် ကီလိုတန်း ၇၀အတွက် အောင်ခိုင်ဝင်း(မြို့တော်စည်ပင်)၊ ကီလိုတန်း ၈၀အတွက်မင်းဇော်ဦး (မြို့တော်စည်ပင်) တို့ပါဝင်ပြီး မြန်မာ့ကာယဗလအဖွဲ့သည် ဇွန် ၁၆ ရက်ည ၇နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဇွန် ၁၇ရက်က အိုလံပစ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကို မြန်မာနိုင်ငံဂေါက်ကလပ် ကိုးမိုင်တွင် ကျင်းပရာ အကျော့ပေးပြိုင်ပွဲတွင် ပထမရရှိသွားသော သက်ဇော်လှိုင်အား မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်ကဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၁၇

ပြည်ထဲရေး ဝန်ကြီးဌာန ဧရာဝတီတိုင်း အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၏၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက်တွင် ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းအထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီးကျောင်းသား ကျောင်းသူ ၅၅ ဦးတို့ အတွက် ပညာသင်စရိတ်နှင့်ကျောင်းသုံး စာရေးကိရိယာများ ပေးအပ်ချီးမြှင့်လိုက်သည်။ **(သတင်းစဉ်)**

အမည်ပြောင်း

သဃ်န်းကျွန်း အထက (၁) အဋ္ဌမတန်း(ဂ)မှ ဦးကြိုင်မြင့်၏သား ဖြစ်သူ မောင်ခန့်မှူးပိုင်အား ယနေ့မှစ၍ မောင်နန္ဒအောင်အဖြစ် ပြောင်းလဲခေါ်ပါရန်။ **မောင်နန္ဒအောင်။**

မွေးနေ့ဆုတောင်း

သီဟအောင်(သားချစ်)ရဲ့ ဇွန် (၁၈)ရက်တွင် ကျရောက်သော (၂၂)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ပျော်ရွှင်အောင်မြင်နိုင်ပါစေ...။

သူငယ်ချင်းများ

လူလူတိုင်း၊ ဝေဖြိုးအောင်၊ ကျော်ရဲမင်း၊ သီဟန်၊ ဇင်မင်းမင်းထွန်း။





ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

အင်းစိန်မြို့နယ် တရားရုံးတော်၌၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၉

တရားလိုများ **တရားပြိုင်များ**

၁။ ဒေါ်အေးအေးဝင်း ၁။ ဦးဘိုးစိုး
၂။ ဒေါ်ရင်ရင်မြင့် ၂။ ဒေါ်ညိမ်းဇ
၃။ ဦးအောင်မြင့် အမှတ် -၄၀၃၊ သီရိရတနာ(၁)လမ်း
၄။ ဒေါ်စန်းတင့် ကမ်းနားအလယ်ရပ်ကွက်၊
အမှတ်(၁၀)၊လှိုင်မြစ်လမ်း အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ကမ်းနားအလယ်ရပ်ကွက် အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသော ဦးဘိုးစိုးနှင့် ဒေါ်ညိမ်းဇ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုများဖြစ်ကြသော ဒေါ်အေးအေးဝင်းပါ(၄)ဦးက မြေကွက်ကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်တို့၏ ကိုယ်စားလှယ်၊ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၀၄ ခုနှစ်ဇွန်လ ၂၉ရက် ၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း (၁၃)ရက်နေမွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်အမည်ရေးသား ပါရှိသူ တရားလိုများ၏ စွဲချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင်သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်နုတ်၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၂၀၀၄ ခုနှစ် ဇွန်လ၁၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းမြင့်စိုး

ဒုတိယမြို့နယ်တရားသူကြီး(၄)

မိုးရာသီအိမ်ရာအရောင်းပွဲတော်

(၁-၆-၂၀၀၄ မှ ၃၀-၆-၂၀၀၄)အတွင်း

"ယုဇနဆောက်လုပ်ရေးအဖွဲ့၏ မွန်မြတ်သောစေတနာ"

(လူတိုင်း လူတိုင်း တိုက်နှင့်ခြံနှင့်နေနိုင်ရမည်)

* အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ
* လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
* တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ Hall Type၊ Room Type
* လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့်အခန်းများ

ပွဲတော်ကာလအတွင်း ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်း အထိ လျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။

အမြတ်ခွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူက ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်။

တိုက်ခန်းတန်ဖိုးအနည်းဆုံး ၂၁သိန်းဖြစ်ပါတယ်။

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ်ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။

အရောင်းဌာန - ယုဇနစင်တာ(ရုံးချုပ်)၊ တတိယထပ်၊ အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတက်ရောက်

ရန်ကုန် ဇွန် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးအတွက် တတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၁ နာရီခွဲက လားရှိုးမြို့အဝင် မုခ်ဦးအနီးရှိ ရန်တိုင်းအောင်ဓမ္မာရုံကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်ကြည်ညို၍ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ လားရှိုးမြို့ ကန်မိန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ အရှင်သူမြတ်ထံမှ ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ယင်းနောက် လားရှိုးမြို့ ကန်မိန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တမုနိန္ဒအား ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်နှင့် ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးအတွက် အလှူရှင်များဖြစ်ကြသော လားရှိုးမြို့မှ ဦးမောင်လှိုင်က ငွေကျပ် သိန်း ၉၀၊ လားရှိုး မြို့မှ ဦးဘီဂျေးက ငွေကျပ် ၇၈သိန်း၊ လားရှိုးမြို့မှ ဦးအိုက်တူးက ငွေကျပ် ၄၉သိန်း၊ လားရှိုးမြို့မှ ဦးကျုံကိန်းက ငွေကျပ်၄၅သိန်း၊ လားရှိုးမြို့မှဦးဇော်ဝင်းက ငွေကျပ် ၄၂သိန်း၊ မူဆယ်မြို့မှ ဒေါ်နန်းမွေပန်၊ ဒေါ်နန်းလွန်းစိန်နှင့်ဦးကြည်ဝင်း တို့က ငွေကျပ် သိန်း ၃၀စီ၊ လားရှိုးမြို့နေ ဒေါ်ဝါဝါညွန့်က ငွေကျပ် ၂၅ သိန်းနှင့်မူဆယ်မြို့မှ ဦးစံဖေက ငွေကျပ် သိန်း ၂၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လက်ခံသည်။

ဆက်လက်၍ မူဆယ်မြို့နေ ဒေါ်နန်းထားထားဦးနှင့် ဦးအောင်ကျော်သိန်း တို့က ငွေကျပ်သိန်း ၂၀ စီ၊ လားရှိုး မြို့နေ ဦးဝမ်တာဖာက ငွေကျပ် ၁၄ သိန်း၊ မူဆယ် မြို့နေ ဦးကျော်ဝေရင်က ငွေကျပ် သိန်း ၂၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်နမ့်ခမ်းမြို့မှ ဦးကျော်စိန်တို့က ငွေကျပ်ငါးသိန်းစီ အသီးသီးပေးအပ် လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က လက်ခံသည်။

ထို့နောက် စေတီတော်အတွက် အလှူတော်ငွေပေးအပ် လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင်များဖြစ်ကြသော မူဆယ် မြို့မှ ဦးစိုင်းထွန်းတင်နှင့် ဦးမင်းနိုင်တို့က ငွေကျပ် နှစ်သိန်းငါးသောင်းစီ၊ နမ့်ခမ်းမြို့မှ စက်မှုလုပ်ငန်းရှင် များက ငွေကျပ်၁၀သိန်း၊ စိုစိုပြည်ပြည် ကုမ္ပဏီမှ ဦးစိုင်းအေး က ငွေကျပ် ၂၅သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းထွန်းစိုးက မြို့လယ်ကျောင်းတိုက် နာယကဆရာတော် ဦးစန္ဒိမာက လှူဒါန်းငွေကျပ် ၁၀သိန်း၊ ခါးရိုး ပရိယတ္တိစာသင်တိုက်မှ ဦးသုမန၊ တာပုံကျောင်းတိုက်မှ ဦးနန္ဒသီရိ၊ မန်ဆူရှမ်း ကျောင်းတိုက်မှ ဦးပုညာနန္ဒနှင့် မြို့မကျောင်းတိုက်မှ ဦးကလျာဏတို့၏ လှူဒါန်းငွေကျပ် တစ်သိန်းစီ အပါအဝင် စုစုပေါင်းငွေကျပ် ၁၄သိန်း၊ မုံးပေါ်တိုင်းရင်းသားအဖွဲ့က ငွေကျပ်သိန်း၂၀နှင့် သီပေါမြို့မှ ဦးကောင်တိုင်းက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လက်ခံသည်။

တတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၂၃ဦးတို့ ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၅၉၀ဖြစ်ပြီး ဒုတိယအကြိမ်အထိ ရရှိပြီး အလှူငွေပေါင်းမှာ ငွေကျပ် ၁၇၂၇သိန်းဖြစ်သဖြင့် ဇွန် ၁၁ရက်အထိ အလှူခံ ရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၂၃၁၇ သိန်းရှိပြီဖြစ်ကြောင်း သိရသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် မဟာဗောဓာရုံ ကျောင်းတိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တနာရဒက အနုမောဒနာ တရား တော်နှင့် ရေစက်ချတရားတော်တို့ကို ဟောကြားချီးမြှင့် တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးဗိုလ်ချုပ် မြင့်လှိုင်နှင့်ဇနီး၊ အလှူရှင်များ၊ ပရိသတ်များက အနုမောဒနာ တရားတို့ကို နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် သစ်ပင် စိုက်ပျိုးပွဲတော်ကို စေတီတော် ရင်ပြင်၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက စေတီတော်၏ အရှေ့အရပ်၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ တပ်မတော် အရာရှိကြီး များနှင့် ပရိသတ်များက သတ်မှတ်နေရာ အသီးသီး၌ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတော်အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်၍ တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။ အဆိုပါတည်ဆောက်မည့်စေတီတော်၏ ဉာဏ်တော်မှာ ၁၃၅ပေ ရှိမည်ဖြစ်ပြီး လိုဏ်ပုံသဏ္ဍာန် တည်ဆောက်သွားမည် ဖြစ်သည်။ ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးသည် လားရှိုးမြို့ ဆင်းရွှေလီ ဘိုးဘွားရိပ်သာ ခုတင်(၅၀)ဆံ့တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိပြီး ဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရန်အောင်မြင် ရှေးဟောင်းဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိလာရာ စေတီတော် ဘက်စုံမွမ်းမံပြင်ဆင် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး သန်းထွန်းက ရန်အောင်မြင် ရှေးဟောင်းစေတီတော် ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေ၊ အုတ်မြစ်စီလုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ဆက်လက်ပြုပြင်မွမ်းမံသွားမည့် အစီ အစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက မြန်မာမှု ဗိသုကာလက်ရာများဖြင့် သေသပ် ခံ့ညားစွာ တည်ဆောက်ရေး သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားပြီး မွန်းလွဲပိုင်းတွင် စေတီ တော်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး လားရှိုးမြို့ ဝိဇယဘူမိ မဟာအောင်မြေမင်္ဂလာ ကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော် တည်ဆောက်ရေးအတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းနေအရွယ် ကျောင်းသားများ ကျောင်း အပ်နှံပွဲအခမ်းအနားကို ဇွန် ၁၂ ရက်က ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြကြိုင်နှင့်ရပ်ကွက်ဥက္ကဋ္ဌဦးအေးကိုတို့က အမက(၇) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အုန်း၊ အမက(၁၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စိန်ထံ စာရေးကိရိယာပစ္စည်းများနှင့် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (၂၅၈)

အမှုဆောင်သစ်ရွေးချယ်၊ ကတိသစ္စာခံယူ

ရန်ကုန် ဇွန် ၁၇

မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်၊ ဘဲဒိုင် ကိုယ်စားလှယ် များ အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၄–၂၀၀၆ ခုနှစ် အတွက် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်း အနားကို ပုသိမ်ညွန့်ရပ်ကွက်အမက(၂၁) ကျောင်း ခန်းမ၌ ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အစီအစဉ်အရ သဘာပတိအဖြစ် ရန်ကုန်တိုင်း ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးလုပ်ငန်း သား၊ ငါး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက ဆောင်ရွက်ပြီး အလုပ် အမှုဆောင်သစ်များကို ဒိုင်ကိုယ်စားလှယ်များက ဆန္ဒပြု ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးဆွေသန်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ရွှေ၊ အတွင်းရေးမှူးဦးလှရွှေ၊တွဲဖက်အတွင်းရေးမှူး ဦးစောနိုင်နှင့် ဦးခင်မောင်လွင်၊ ဘဏ္ဍာရေးမှူး ဦးလှဝင်း၊ စာရင်းစစ် ဦးသန်းနိုင်၊ အဖွဲ့ဝင်များ ဦးထွန်းမင်း၊ ဦးအငယ်လေး၊ ဦးပီတာ၊ ဦးကျော်မိုး နှင့် ဦးအောင်ကျော်တို့ရွေးချယ်ကြပြီး အလုပ်အမှုဆောင်သစ်များက သဘာ ပတိ ရှေ့မှောက်တွင် ကတိသစ္စာခံယူကြသည်။**(အောက်ပုံ)** **(၀၅၄)**

ရန်ကုန်တိုင်း အိုလံပစ်မောင်မယ်ရွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းအလေးမ၊ ကာယဗလနှင့် ကာယအလှဆပ်ကော်မတီက ကြီးမှူး၍ Ve Ve မုန့်မျိုးစုံနှင့် အချိုရည်လုပ်ငန်းမှ ပံ့ပိုးကူညီ၍ ရန်ကုန်တိုင်း အိုလံပစ်မောင်မယ်ရွေးပွဲကို ဇွန် ၂၀ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ရန်ကုန်တိုင်း အလေးမ၊ကာယဗလနှင့် ကာယအလှဆပ်ကော်မတီအတွင်းရေးမှူးဦးကျော်စိန်သန်း(လူထုအားကစားနှင့် ပညာပေးဌာနခွဲ) အောင်ဆန်းအားကစားပြိုင်ဝင်းအထူးတန်း ဖုန်း–၃၇၄၅၀၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျောင်းနေအရွယ်ကျောင်းအပ်ရေး ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၁၇

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်း ဦးစီးဌာန တောင်ငူ(၄)မိုင် ကျောက် ထုတ်အလုပ်စခန်းမှ ဝန်ထမ်းသားသမီး များအား ၂၀၀၄–၂၀၀၅ ခုနှစ်ပညာသင် နှစ်အတွက် နှစ်ဦးပညာသင်စရိတ်နှင့် ကျောင်းနေအရွယ် ကျောင်းအပ်နှံရေး ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၆ ရက် က (၄)မိုင်ကျောက်ထုတ်စခန်းရုံးခန်းမ ဆောင်၌ကျင်းပရာ စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်း ချစ်က ဒုတိယစခန်းတာဝန်ခံ ထောင်မှူးကြီး ဦးလှဌေးအား ဝန်ထမ်းသား သမီး ၉၁ဦးတို့အတွက် ထောက်ပံ့ငွေ များ ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားတွင် စခန်း တာဝန်ခံ လက်ထောက်ညွှန်ကြားရေး မှူး ဦးသန်းချစ်က ထောက်ပံ့ငွေပေးရ ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ **(၁၀၃)**

ထွေ/အုပ် ဝန်ထမ်းသက်သာ ထောက်ပံ့ငွေပေးအပ်

သာပေါင်း ဇွန် ၅

သာပေါင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသက်သာထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန်၃ ရက်က သာပေါင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှသောင်းက ဝန်ထမ်းများကို ဆန်၊ ဆားနှင့် ကြက်ဥများ ထောက်ပံ့ရန်အတွက် ထောက်ပံ့ငွေပေးအပ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ခုတင်(၂၀၀)ဆံ့ဆေးရုံ ရေရရှိရေးဆောင်ရွက်မှု အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကြည့်ရှုစစ်ဆေး

လွိုင်လင် ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ ခုတင် ၂၀၀ဆံ့ ဆေးရုံ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများသည် မေ ၂၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ လွိုင်လင်မြို့ ခုတင် ၂၀၀ဆံ့ဆေးရုံ ရေရရှိရေးလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မတ် ၃၀ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၃ ရက်ကလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း (အနောက်ပိုင်း) ခရိုင်ချင်းဆက်လမ်း ပေါက်ခေါင်းအပိုင်း မြေသားလမ်း ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်စုဆောင်းပြီးစီးမှုကို ဇွန် ၁၂ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ တို့ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးထွန်းဝေနှင့် အမှုဆောင်အရာရှိ ဦးကြည်စိုးတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

သာယာဝတီခရိုင် ကျန်းမာရေး ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

သာယာဝတီ ဇွန် ၇

သာယာဝတီခရိုင် ခရိုင်ကျန်းမာရေးဦးစီးဌာနရုံး မိသားစု ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇွန်၅ရက်က သာယာဝတီခရိုင်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းတင်ထွန်းနှင့်ဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းသူ၊ ကျောင်းသား၃၂ဦးတို့အတွက်ထောက်ပံ့ငွေများကို ကျောင်းသားမိဘများကိုယ်စား ဆေးရုံအုပ်ချုပ်သူ သူနာပြုဆရာမကြီး ဒေါ်ဝင်းသို့ ပေးအပ်သည်။ **(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)**

ကျေးလက်လမ်းနှင့်စက်ရေတွင်းဆောင်ရွက်ပြီးစီးမှုကြည့်ရှု

ကဝ ဇွန် ၁၀

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်လျက်ရှိသော ပေါက်ကုန်းကျေးရွာနှင့် ဖွဲ့ကိုက်ကျေးရွာ ဂဝံလမ်းခင်းခြင်းဆောင်ရွက်မှုနှင့် လမ်းများပေါ်တွင် ပြွန်ပေါက်တံတားများ ဆောင်ရွက်မှုအခြေအနေများကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်နှင့် အဖွဲ့မှ ဇွန် ၅ ရက်က ကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)** ထို့နောက် မိုးဂနိမ်းကျေးရွာတွင် အလှူရှင်မှလှူဒါန်းသော နှစ်လက်မအဝီစိစက်ရေတွင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိသော တာဝန်ခံ အင်ဂျင်နီယာ ဦးရဲလွင်တို့က လုပ်ငန်းအသီးသီးကို ရှင်းလင်း တင်ပြကြသည်။ **(၂၄ဝ)**

ဖျာပုံခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဖျာပုံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဇွန် ၁၂ ရက်က ဖျာပုံမြို့ ၁၆ ရပ်ကွက်ရှိ နေအိမ်များအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆရာဝန် ဒေါက်တာဒေါ်မြင့်မြင့်သိန်းနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယကနှင့် အမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

ဂုန်လျှော်၊ ချဉ်ပေါင်လျှော်ပင်များ အထွက်တိုးစေရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်၍ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

၁။ အတန်းစိုက် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်များကို တစ်ပင်နှင့်တစ်ပင် (၃)လက်မခြား ခွာ၍ ပင်ကျပ်နုတ်ပေးပါ။ ကြဲပက်စိုက်ခင်းများတွင် (၆)လက်မပတ်လည် တစ်ပင်နှုန်း ကျန်ရှိအောင် ထွန်ဖြင့်မှုန်းပေးပါ။

၂။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို (၁၅-၂၀) ရက်သားတွင် တစ်ကြိမ်နှင့် တစ်ကြိမ် (၃၀-၃၅) ရက်သားတွင်တစ်ကြိမ်၊ အနည်းဆုံး နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ပါ။ ပေါင်းလိုက်လက်ကြားခွဲပြီးတိုင်း ယူရီးယားဓာတ်မြေဩဇာကို တစ်ဧကလျှင် ၁၂ ဒသမ ၅ ကီလိုနှုန်း ကြဲပက်ပေးပါ။

၃။ အပင်ငယ်စဉ် ရေမဝပ်စေရန် ဂရုပြုပါ။ စိုက်ခင်းအတွင်း ရေဝပ်နေပါက ပတ်မြောင်း၊ စိတ်မြောင်းများဖြင့် ရေဖောက်ထုတ်နိုင်ရေး ဆောင်ရွက်ပါ။

၄။ အပင်ငယ်စဉ်တွင် ပုရစ်အန္တရာယ်ကျရောက်နိုင်ပြီး အဓိကကျရောက် ဖျက်ဆီးသော ပိုးမွှားများမှာ ပင့်ကူနီ၊ ရွက်စားခူမွှေးစုတ်နှင့် ပင်စည်ထိုးကျိုင်းတို့ဖြစ်သည်။ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်ခင်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်မှသာ ဆေးပက်ဖျန်းကာကွယ်ပါ။

၅။ ဂုန်လျှော်ပင်စည်မဲ့စွန်းရောဂါနှင့် မြစ်ပုတ်ရောဂါများတွေ့ရှိက အပင်လိုက် နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၆။ ချဉ်ပေါင်ပင်အဖျားပိုင်းတွင် အဝါရောင်၊ အဖြူရောင် ရောင်မညီကွက်ကြား (mosaic) ရောဂါတွေ့ရှိလျှင် အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ကြီးကြပ်ဆောင်ရွက်

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ မေ ၂၇ ရက်က မြို့သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်-မန္တလေးနှင့် တပင်ရွှေထီးလမ်းဆုံရှိ ပိတ်ဆို့နေသောရေမြောင်းများအား ဆယ်ယူရှင်းလင်းမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကျော်က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စံပြကျေးရွာတိုးမြှင့်ရေး လိုအပ်ချက်များဖြည့်ဆည်းပေး

လှည်းကူး ဇွန် ၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်၊ မြို့နယ်ဆရာဝန်ကြီး ဦးဉာဏ်ဇော်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၁ ရက်တွင် မလစ်ကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာ၌ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ရေကျော်ကျေးရွာအား စံပြကျေးရွာအဖြစ် တိုးမြှင့်ဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စများ ကြည့်ရှုဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

C B BANK

CO-OPERATIVE BANK LTD. သမဝါယမဘဏ်လီမိတက်

CONGRATULATION

သမဝါယမဘဏ်လီမိတက် **C B BANK** အား

အခြေခံဘဏ်အဖြစ်ထားရှိလျက်

သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက်နှင့်

တောင်သူလယ်သမားများ သမဝါယမဘဏ်လီမိတက်တို့က

လာရောက် ပူးပေါင်းပြီး

ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့်

သမဝါယမဘဏ်လီမိတက် **C B BANK**

(အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်)အဖြစ်

(၁၅–၆–၂၀၀၄) နေ့တွင် ပေါက်ဖွားရှင်သန်လာခြင်းအတွက်

လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း။

ဦးအောင်ကိုဝင်း

ဥက္ကဋ္ဌ

KBZ GROUP CO., LTD.

(Kanbawza Group of Companies)

ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

မြင်းခြံမြို့ အမှတ် (၁၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ
ဦးညိုမောင်–ဒေါ်တင်တင်ကြူးတို့၏
တစ်ဦးတည်းသောသား
ဗိုလ်မှူးဟန်မိုးအောင်–မသီတာဦးတို့၏မောင်
မောင်ကျော်စွာလင်း B.Sc (Zoology)
နှင့်
တောင်သာမြို့နယ် ရုံးစည်ကြီး၊ ဘူတာရပ်နေ
ဦးတက်ဝမ်း–ဒေါ်အေးအေးဆွေတို့၏
တစ်ဦးတည်းသော သမီး
မခိုင်မျိုးဝမ်း(ခ)မခိုင်ဇင်လှိုင် B.A (History)

တို့သည် ၁၅–၆–၂၀၀၄(အင်္ဂါနေ့)တွင် မြင်းခြံမြို့နေအိမ်၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာလင်း–မခိုင်မျိုးဝမ်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို မြန်မာ့ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12 (T)5/MR(ML) 2004-2005	Vacuum Brake Cylinder 21" "F" Type	100 - Nos
2.	12(T)6/MR(ML) 2004-2005	Nomex Paper 3-Mils	22 - Kgs
3.	12/(T)7MR (ML) 2004-2005	Consumable & The Most Essential Spare parts for D.E.L and D.H.L	1 - Lot (60 - Items)

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့် အချိန် – ၃–၈–၂၀၀၄ (အင်္ဂါနေ့) (၁၂:၀၀)နာရီ } စဉ် (1)အတွက်
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၃–၈–၂၀၀၄ (အင်္ဂါနေ့) (၁၄:၀၀)နာရီ
ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၁–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ } စဉ် (2,3)အတွက်
ချိပ်ပိတ်တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန် – ၂၁–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၄:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆–၆–၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း –၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ ၆၀၂၊ ၆၀၅၊ ၆၁၂

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၀၄ခုနှစ် တရားမဇာရီမှု အမှတ်(၇၆)

၁။ ဒေါ်လှလှ	နှင့်	၁။ ဦးဘအုန်း
၂။ ဦးကျော်ညွန့်		၂။ ဒေါ်စောညွန့်
၃။ ဦးလှထွန်း		အမှတ် ၁၀၄၁၊ ဦးပြုံးချိုလမ်း၊
(၎င်းတို့၏ကိုယ်စားလှယ်ဦးအောင်ဘော်)		(၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်
အမှတ်၄၆၊ဗဟန်း၂လမ်း၊မြို့မရပ်ကွက်၊		(မြောက်ပိုင်း)မြို့နယ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။		ရန်ကုန်မြို့။
(တရားနိုင်)		**(တရားရှုံး)**

ဦးဘအုန်း၊ ဒေါ်စောညွန့်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်တွင် အထက်အမည်ပါတရားနိုင်က ဤရုံးသို့ပဋိညာဉ်အတိုင်း မြေနှင့် အိမ်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေဒီကရီအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် တရားနိုင်၏လျှောက်ထားလွှာအတိုင်း အမိန့်ချရန် သင့် မသင့် အကြောင်းပြရန် ဤရုံးသို့ ၂၀၀၄ ခုနှစ် ဇွန်လ ၂၉ ရက် (၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၁၃ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် မပျက်မကွက်လာရောက်ရန် အကြောင်းကြားပါသည်။ အကယ်၍ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် တစ်ဖက်သတ်စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်ခင်လှ(တ/၁၅၄၄)
B.A˚(Law), LL.B
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

THREE STAR Air-Con,

ရေခဲသေတ္တာတပ်ဆင်၊ ပြုပြင် ရောင်းဝယ်ရေး(Good Second Air-Con) များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

ဖုန်း ၇၀၅၇၈၄

အမည်မှန်

အဖ ဦးအောင်မင်းကြည်၏သမီး အထက(၁)မရမ်းကုန်း ဒသမတန်း (A)၏ အမည်မှန်မှာ နော်ဂရေစီအောင် ဖြစ်ပါသည်။

နော်ဂရေစီအောင်။

အမည်ပြောင်း

အမှတ် ၁၅၀(D) တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ်နေ ဦးမြသောင်း–ဒေါ်တင်တင်အောင်တို့၏ သား ကိုဇော်ညွန့် ၁၂/ဒဂန(နိုင်) ဝ၁၆၃၀၂ အား ကိုရဲလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **ကိုရဲလွင်။**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ တိုက်အမှတ် (၃၅)၊ အခန်းအမှတ် (၁)နေ ဦးတင်ဝင်း–ဒေါ်အုန်းကြည်တို့၏သား
မောင်ဝင်းမောင်မောင်
နှင့်
ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၃)ရပ်ကွက်၊ တိုက်အမှတ် (၂၁၈)၊ အခန်းအမှတ် (၂၂)နေ ဦးစိုးမြင့်–ဒေါ်ယဉ်မေနွဲ့တို့၏သမီး
မသဲဟန်စိုး (ခ) သဲသဲ

တို့သည် (၁၅–၆–၂၀၀၄)ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းမောင်မောင်–မသဲဟန်စိုး။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

မကွေးတိုင်း ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းမြို့နေ
ဦးညွန့်–ဒေါ်မမလေး
တို့၏ သား
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နေ
ဦးလှဟန်–ဒေါ်လှသန်း (တညင်းသီးရောင်းဝယ်ရေး၊ သီရိမင်္ဂလာဈေး)
တို့၏ ညီမောင်
မောင်ကျော်စန်း B.E (Mechenical)
Myanmar Tokiwa Co.,Ltd.
နှင့်
မန္တလေးမြို့ ၅၉ လမ်း၊ CC/၁/၄၄ နေ
ဦးတင်ဦး (M.P.P.E မိုးကုတ်မြို့)–ဒေါ်စန်းတင့် တို့၏ သမီးဦး၊
မတင်တင်မိုး၊ မောင်တင်မျိုးနိုင်
တို့၏ အစ်မ
မခင်သန္တာဦး
B.A (Hons.),M.A., M.Res., Ph.D. (Thesis)
(Oriental Studies)
နည်းပြ၊ ဘားအံတက္ကသိုလ်

တို့ကို မိဘတို့ ဝတ္တရားရှိသည်နှင့်အညီ ၁၃–၆–၂၀၀၄ ရက်တွင် ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စန်း–မခင်သန္တာဦး။

သစ်သီးပင်များကိုင်းကူးကိုင်းဆက်မျိုးပွားနည်း သင်တန်းဖွင့်လှစ်မည်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာဥယျာဉ် ပညာပေးဇုန်အတွင်း သစ်သီးပင်များနှင့် အခြားစိုက်ပျိုးပင်များကို မြေထုတ်စည်းမျိုးပွားနည်း၊ ကိုင်းဖြတ်မျိုးပွားနည်း၊ အဖူးမြှုပ်နှင့် ကိုင်းကူးကိုင်းဆက်မျိုးပွားနည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို အောက်ပါလိပ်စာအတိုင်း ၂၅–၆–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အမြန်ဆုံးဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

စာရင်းပေးသွင်းရန်လိပ်စာ
ခြံမန်နေဂျာရုံး
မြေပဒေသာဥယျာဉ်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပညာပေးဇုန်
ဖုန်း–၅၄၄၇၆၇၊ ၅၄၉၇၃၀၊ ၅၄၄၆၈၃



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ အမှတ် (၇၈) အနော်ရထာလမ်း ကျောက်တံတားမြို့နယ်နေ ဦးထိန်ဝင်း ၁၂/ကတတ(နိုင်) ဝ၂၃၀၈၇၊ ဒေါ်ဟာလီမာန် ၁၂/ကတတ(နိုင်) ဝ၁၉၃၉၁ တို့၏သမီးဖြစ်သူ မခင်ချိုဝင်း ၁၂/ကတတ (နိုင်)ဝ၁၉၃၈၉ သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အုပ်ထိန်းသူ၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘများ–ဦးထိန်ဝင်း–ဒေါ်ဟာလီမာန်။

လက်ထပ်ပြီးစီးခြင်း

တောင်ငူမြို့ ၅/၂၁၀– ဗိုလ်မှူးဖိုးကွန်းလမ်းနေ
ဒေါ်နု၊ ဒေါ်သိန်းတင် တို့၏တူ၊
ဦးစံမော်(မြို့နယ်ဒုမန်နေဂျာ၊ တိုးချဲ့(ငြိမ်း) မြန်မာ့စိုက်ပျိုးရေးဌာန)–
ဒေါ်အေးအေး(ဘဏ္ဍာရေးဌာန၊ စက်မှုဂုန်လျှော်–ငြိမ်း)တို့၏သား
မောင်ဇော်မော်စိုး
နှင့်
တောင်ငူမြို့ ၅/၉(၁၁)လမ်းနေ
ဦးကျော်လှ–ဒေါ်ခင်ဝင်း(ကံ့ကော်ရိပ်ရတနာရွှေဆိုင်) တို့၏သမီးကြီး
မသိန်းဝင်းကျော် (B.A Myanmar)

တို့သည် (၁၁–၆–၂၀၀၄) ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်မော်စိုး–မသိန်းဝင်းကျော်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့ ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
၂၀၀၄ ခုနှစ် မေလ ၁၅ ရက်

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှရတနာကုန်သည်များနှင့် တွေ့ဆုံပြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။

(ခ) နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက် အခြေအနေများ လေ့လာနိုင်ရန်။

(ဂ) ပြည်ပမှ ရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာ ရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။

(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့်ရောင်းချရန် လိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ် မေလ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက် ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏အမှုသည်များက မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ် ၂၁၄ (အက်ဖ်)နေ ဦးအောင်စိုးထံမှ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၁၁(အိုင်)၊ မြေကွက်အမှတ် ၃၉ ဟုခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၁၅၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်ဟု ခေါ်တွင်သော နေအိမ်တိုက်အဆောက်အအုံကို ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်တိုက်အိမ်တို့နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့် တစ်စုံတစ်ရာရှိသူတို့သည် ခိုင်လုံသောအထောက်အထားများဖြင့် ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မတိုင်မီ ကျွန်ုပ်ထံသို့လာရောက်ပြီး ကန့်ကွက်နိုင်ပါသည်။

ညွှန်ကြားချက်အရ–

ဦးအုံးမောင်
နိုတြီပဗ္ဗလစ်နှင့် တရားရုံးချုပ်ရှေ့နေ
အမှတ် ၃၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

သုရိယစာအုပ်ဆိုင်

လစဉ်ထုတ် စာအုပ်အမျိုးမျိုး၊ ဘာသာရေး၊ လူမှုရေး၊ ဘာသာစကား၊ အဘိဓာန်စာအုပ်များနှင့် သုတ၊ ရသ စာအုပ်အမျိုးမျိုး ဝယ်ယူရရှိနိုင်ပါသည်။

အမှတ် ၂၈၊ မဟာဗောဂလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ လတ်မိုးဆွေကုမ္ပဏီ မှတ်ပုံတင်အမှတ်(၇၃) ၂၀၀၁–၂၀၀၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။

တိုက်၇၊ အခန်း ၂၀၊
၅၁လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးပိုင်စစ်
အသက်(၈၈)နှစ်

ဘားအံမြို့နေ (ဦးခေမာ–ဒေါ်တာဖိုး)တို့၏သား၊(ဦးပိုင်ကျင်း)၊(ဦးပိုင်တိတ်)၊(ဒေါ်အမာ)တို့၏ညီ/မောင်၊ (ဦးပိုင်တိုး)၏အစ်ကို၊ (ဒေါ်သိန်းကြွယ်)၏ခင်ပွန်း၊ ဦးဝိတာစစ်–နော်ဒဲလားငြိမ်း၊ နော်ရီးနာ–ဦးသန်းရွှေ၊ နော်ဘေဘေး–ဦးဇေမောင်တင်၊ ဦးထီးမူး–နော်မာစီ၊ နော်ဟယ်လင်–ဦးစောလူးသာ၊ နော်မူးကပေါ်–ဦးမြသန်း၊ နော်ဂရေ့စ်–ဦးစန်းလွင်၊ နော်ဂရေ့စလင်း – ဦးဆန်နီဒင်တို့၏ဖခင်၊မြေး ၂၇ယောက်၊ မြစ် ၁၀ယောက်တို့၏အဘိုးသည် ၁၆–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၇း၁၀နာရီတွင် က/၃ လမ်း၊ အင်းစိန်မြို့သစ် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၈–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်သို့ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သိန်းမြ (ကွမ်းဆိပ်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ စိတ္တသုခလမ်း၊ အမှတ် ၃၇ နေ (ဦးအုန်းသွင်–ဒေါ်ဖွားတင်)တို့၏သမီး၊ (တိုးတက်ရေးဦးသိမ်း) – ဒေါ်မမလေး၊ ဒေါ်ခင်မြတို့၏ညီမ၊ (ဦးစိုးမြင့်)–ဒေါ်တင်မြင့်၊ ဦးအောင်–ဒေါ်သိန်းကြည်၊ဦးဟုတ်ရှိန်–ဒေါ်ခင်စမ်း၊ဦးကျော်မြင့်–ဒေါ်ရင်ရင်မြင့်တို့၏အစ်မ၊ တူ တူမ ၂၃ ယောက်တို့၏ကြီးကြီး၊ မြေး ၂၃ ယောက်တို့၏ဘွားဘွားသည် ၁၇–၆–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ယဉ်မေထွဏ်း
အသက်(၅၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဆပလရပ်ကွက်၊ တိုက်အဟောင်း ၃၊ အခန်း ၂၆နေ (ဦးကျော်ထွဏ်း–ဒေါ်တင်ကြည်)တို့၏သမီးကြီး၊ ဦးတင်ဦး (အိုးအိမ်ဦးစီးဌာန)၏ဇနီး၊ ဒေါ်အေးသစ်ထွဏ်း(အထက–၂၊ ဒဂုံ)၊ ဦးသန့်ဇင်ထွဏ်း (မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း)၊ ဦးမြင့်ဇင်ထွဏ်း၊ (ဦးသစ်လွင်ထွဏ်း)၊ ဦးအောင်ဖေထွဏ်း (မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း)၊ ဒေါ်ဥမ္မာထွဏ်းတို့၏အစ်မ၊ကိုကျော်ကျော်ဦး(MPF)–မယဉ်မင်းတင့်(MPF)၊ မခင်ဆုမွန်တင့် (Third Year Law၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ မောင်မင်းသုတ၏အဘွားသည် ၁၇–၆–၂၀၀၄ရက် နံနက် ၈း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၉–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ရီ
အသက်(၈၁)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ် ၂၁ နေ [ဗိုလ်မှူးမောင်ထွန်း၊ အပတ်စဉ်(၉)]၏ဇနီး၊ ဒေါ်ခင်သန်းသန်း၊ ဦးဇော်ထွန်း–ဒေါ်ငွေငွေ၊ ဦးကိုကိုလတ်–ဒေါ်မာထွေး၊ ဦးဇော်မြင့်(ခ)ကိုရေခဲ၊ ဒေါ်ရီရီထွန်း(ထ–၁၊ဒဂုံ)တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၁၅–၆–၂၀၀၄ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးခင်မောင်ရွှေ
အသက်(၆၆)နှစ်

ညောင်တုန်းမြို့နေ (ဦးပြန့်)–ဒေါ်စိန်တင်တို့၏သား၊ ဦးခိုင်လေး–ဒေါ်စောခင်တို့၏သားသမက်(ဦးခင်စော)–ဒေါ်တင်လှ၊ ဦးအေးဆင့်၊ ဦးတင်လှိုင်–ဒေါ်မေသန်းဦးတင်မောင်ချို–ဒေါ်မေနွဲ့၊(ဦးတင်အုန်း)–ဒေါ်မြမြအေးတို့၏ ညီ/မောင်၊ ကိုလွင်ဦး–မသန်းသန်းလွင်၊ ကိုသိန်းမြင့်–မဝင်းဝင်းရွှေ၊ ကိုမြင့်ဦး–မလှဲ့လှဲ့ဝင်း၊ ကိုဇော်မြင့်ဦး–မမြတ်မြတ်ခိုင်၊ ကိုဝင်းမင်းသိန်း(ခ)ကိုပေါက်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ အမှတ် ၅၆/က၊ ဇရာ ၇ လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်သန်းကြွေ၏ခင်ပွန်းသည် ၁၆–၆–၂၀၀၄ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းလှိုင်
ဦးစီးမှူး(ဆည်/မြောင်းထိန်းသိမ်းရေး) (တောင်ငူ)
အသက်(၅၁)နှစ်

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဟင်းငုတ်ပင် ဆည်မြောင်းထိန်းသိမ်းရေးစခန်းဝင်းနေ ဒေါ်ငွေငွေကြွယ်၏ခင်ပွန်းသည် ၁၂–၆–၂၀၀၄ရက်က ကွယ်လွန်သွားပြီး ၁၄–၆–၂၀၀၄ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုမင်းဇော်(ခ)လှမျိုးသန့်
မင်းဇော်အပ်ချုပ်လုံးဆိုင်၊ သိမ်ကြီးဈေး(D)ရုံ
အသက်(၃၆)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၂၄၆၊ စောရန်နိုင်လမ်း၊ (၃၅)ရပ်ကွက်နေ ဦးအေး–ဒေါ်တင်မြင့်တို့၏သား၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ ၃ လမ်း၊ အမှတ် ၅၉၇ နေ ဦးစံသိန်း–ဒေါ်သာဖြူတို့၏သားသမက်ဦးစိန်ဝင်း–ဒေါ်မြမြဝင်း၊ ကိုအောင်ကျော်ညွန့်–ဒေါ်စန်းကြည်၊ မလွင်လွင်အေး၊ မောင်သိန်းဇော်–မအေးသိန်း၊ကိုလှမိုးအောင်–မမြင့်မြင့်အေးတို့၏ညီ/မောင်၊ မောင်ပြည့်ဖြိုးဝေ၊ မောင်ရဲဝင့်နိုင်တို့၏ အစ်ကို၊ မအေးသိန်းဦး(ခ)မသန်းဦး၏ခင်ပွန်းသည် ၁၇–၆–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည် (သာစည်)
အသက်(၇၄)နှစ်

သာစည်မြို့၊ အမှတ် ၄၊ ကျောင်းကြီးရပ်နေ ဒေါ်အေး၏ခင်ပွန်း၊ (ဦးချစ်ဆွေ)–ဒေါ်ခင်ခင်ဦး၊ ဦးလှမောင်ရွှေ (ရွှေမိသားစုကုမ္ပဏီ)–ဒေါ်တင်တင်ဦး၊ ဦးအောင်ဌေးဦး(မြတ်သုခရွှေဆိုင်)၊ ဒေါက်တာအောင်ဌေးလင်း(ရွှေမိသားစုကုမ္ပဏီ)–ဒေါ်သက်မြင့်ရွှေ၊ ဦးအောင်ဌေးမင်း–မအေးအေးမူ၊ ဦးရန်အောင်ထွန်း–မစပယ်ထွေးတို့၏ဖခင်သည် ၁၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၄ရက်တွင် သာစည်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးကျော်ထူး(ခ) Kenneth Boyce
အုပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း)တပ်မတော်(လေ)
အသက်(၇၄)နှစ်

(Edward Boyce–ဒေါ်မော့စ်)တို့၏တစ်ဦးတည်းသောသား၊ (ဦးဖိုးသက်–ဒေါ်အားပု)တို့၏သားသမက်၊ အမှတ် ၃၇၊ သိဒ္ဓိလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်သန်းညွန့်(ခ)ဒေါ်ဇာဘီနာ၏ခင်ပွန်း၊ ဒေါက်တာတင်ထွန်း(တာဝန်ခံဆရာဝန်၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စီးပွား/ကူးသန်းဝန်ကြီးရုံး၊ စစစ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးချုပ်)–ဒေါ်သင်းသင်းဦး၊ ဦးတက်နေဝင်း–ဒေါ်အေးအေးဝင်း၊ ဦးကျော်အေး–ဒေါ်စုစုပြုံး၊ မမော့မော့တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၅–၆–၂၀၀၄ရက် နံနက် ၈း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်နေ ဒေါ်ထွေးကြည်၏ခင်ပွန်း၊ ဦးအောင်မင်း (တိုင်းရင်းဆေးသမားတော်ကြီး)သည် ၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းရင်းဆေးပညာဦးစီးဌာန၊မြိတ်ခရိုင်၊မြိတ်မြို့။

ဒေါ်မြင့်မြင့်ထွေး
အထက(၂)၊ကြည့်မြင်တိုင်
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာနေ (ဦးထွန်းရှိန်)–ဒေါ်အေးကြည်တို့၏သမီး၊ (ဦးအေး–ဒေါ်လှကြည်)တို့၏သမီးချွေးမ၊ အထက(၂) ကြည့်မြင်တိုင်ကျောင်းဝင်းနေ ဦးသန်းထွေး[ဌာနစိတ်မှူး၊(MPPE)ဓနိတော]၏ဇနီး၊ ဒေါ်အေးညွန့်၊ (ဦးမြင့်ဆွေ)–ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်သိန်း–ဒေါ်စန်းစန်းမြင့်၊ ဦးမြင့်ဆွေ–ဒေါ်တင်ဝင်း၊ ဦးမောင်မောင်စိုး–(ဒေါ်သန်းမြင့်)တို့၏ညီမ၊ (ကိုထိန်လင်း)၊ ဒေါ်စန်းစန်းရှိန်၊ မလှလှထွေးတို့၏အစ်မ၊ ကိုကြည်စိုး–မဖြူဖြူခင်၊ မောင်အောင်စည်ဖြိုးတို့၏မိခင်၊ မသျှိနဒီစိုး(အထက–၂၊ မင်္ဂလာဒုံ)၊ အောင်ဆန်းသူရိယ လှသောင်းကျောင်း)၏အဘွားသည် ၁၇–၆–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၆–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ [အထက(၂)နေအိမ် ကျောင်းဝင်းရှေ့မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးထွန်းဝေ(ခ)ဗိုလ်ထူး
B.A (Philosophy)
အသက်(၅၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ကေတုမာလာရိပ်သာပါရမီလမ်း၊ အမှတ် ၁၄၂/A နေ (ဦးတင်ညွန့်)–ဒေါ်တင်ကြည်(မြို့မ အမျိုးသားကျောင်း/ အထက–၂၊ ဒဂုံ၊ ငြိမ်း)တို့၏သားငယ်၊ ဦးဝင်းညွန့်(R.T.C၊ ငြိမ်း Zin & Friends Finacial Consultant)– ဒေါ်နော်ဂျူးဒစ်ဖေ(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ တောင်ငူတက္ကသိုလ်)၊ ဒေါ်ညွန့်ညွန့်ဝင်း(စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ဒေါ်ညွန့်ညွန့်လှိုင် [မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းရုံး၊ ဒဂုံ(မြောက်ပိုင်း)]တို့၏ညီ/မောင်၊ ဒေါ်ညွန့်ညွန့်အေး (လယ်ယာထွက်ကုန်ရုံးချုပ်)၏အစ်ကို၊ မလှဲ့ဝင်းညွန့်၊ မောင်စိုးမင်းအောင်(Myanmar ULI Co., Ltd.) – မဖြူဝင်းညွန့် (Myanmar Korea Timber Int'L Ltd.)၊ မဖြိုးဝင်းညွန့်၊ မောင်အောင်ဟိန်းညွန့်၊မသူသူဝင်းညွန့်တို့၏ဦးလေးသည် ၁၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားသိစေအပ်ပါသည်။

၂၂–၆–၂၀၀၄ရက် နံနက် ၇နာရီမှ ၁၀နာရီအတွင်း ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒုတိယဗိုလ်မှူးကြီးသန်စွမ်းခိုင်
B.A(Law), LL.B, HGP
ကြည်း/၁၂၁၅၆၊ O.T.S (၄၃)
လ/ထ စစ်ဥပဒေချုပ်
အသက်(၅၆)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Suang Pi Khua ရွာနေ(Hau Sa Pu, Ngin Thang–Pi, Ngul Cing)တို့၏သား၊ (Capt.Ngul Za Thang – Pi, Ngul Ciang)တို့၏သားသမက်၊ Nipi Nem Khua Lian၏မောင်၊ (ဦးနန်ဇခုတ်၊ ပြည်တွင်းအခွန်ဦးစီးမှူး၊မိုင်းရှူးမြို့)–ဒေါ်ထန်ရင်းဒိမ့်(ပြည်တွင်းအခွန်ဦးစီးမှူးရုံး၊ ကလေးမြို့)၊ ဦးပြောင်ဆွင်းမုန် [UNICEF Field Officer (Monitoring), Kale Myo] – ဒေါက်တာနွမ်ဆုန် (လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့)၊ Nineu, Niang Khan Huai၊ Pa neu, Khai Thawn Thang(B.A၊ မြန်မာစာ၊ BTh,)တို့၏အစ်ကို၊ ဒေါ်ဒိမ့်ဂိုကျိန် (အထက်တန်းသူနာပြု၊ ငြိမ်း)၏ခင်ပွန်း၊ (Pa Thang Zo Tuang)–Nu, Zen Dim Khawl (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ရန်ကုန်မြို့)၊ Tg, Thang Khan Am (GTC၊ တောင်ကြီးမြို့)၊ Tg, Cing Lian Sang(ပဋ္ဌမတန်း၊ အထက–၇၊ တောင်ကြီးမြို့)တို့၏ဖခင်၊ Tg, Khai Sian Mung၏ဘိုးဘိုးသည် တဆရ(၂)၌ ၁၆–၆–၂၀၀၄ရက် ည ၈း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ၁၉–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ) အအေးတိုက်၌ စစ်အခမ်းအနားဖြင့် ဂုဏ်ပြုပြီး ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်မွှောရုံ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(ကားများကို အမှတ် ၉၀၊ အောင်မင်္ဂလာလမ်း၊ကျောက်မြောင်းနှင့် TBCY ဘုရားကျောင်းတို့မှ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်လှ
ရဲတကက(ငြိမ်း)
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊မြင်သာ(၁၅)ရပ်ကွက်၊ ၃ လမ်းနေ(ဦးခင်မောင်–ဒေါ်သန်း)တို့၏ဒုတိယသား၊ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးနေ ဒေါ်မြင့်ကြည်၏ခင်ပွန်း၊ ဦးနေဝင်း–ဒေါ်ညိုတို့၏ညီ၊ ဦးကျင်သန်း–ဒေါ်ခင်ညွန့်တို့၏အစ်ကို၊ နေမျိုးဦး(ခ)ကိုမျိုး – မနွယ်နွယ်ဝင်း၊ ကိုလှထွန်း–မနီနီမာ၊ မောင်ရန်ရှင်း–မလှလေးရီ၊ မောင်မျိုးမင်းမြတ်(ခ) မျိုးလေး(မိုင်းဆတ်မြို့)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၄–၆–၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် နမ္မတီးမြို့သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးကြူး (ရေးမြို့)
(ရေးမြို့နယ်အသင်းနာယက)
အသက်(၈၆)နှစ်

ရေးမြို့၊ အမှတ် ၃၉၊ နတ်မောက်လမ်းနေ (ဦးညွင်း–ဒေါ်ဇော်မေ)တို့၏သား၊ (ဦးသောင်းရွှေ–ဒေါ်ထွေး)တို့၏သားသမက်၊ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊ ဦးမျိုးဆွေ–ဒေါ်ခင်မူ၊ ဦးမြင့်ဆွေ–ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးညွန့်–ဒေါ်လှလှမြင့်၊ ဦးညွန့်ဆွေ–ဒေါ်နီနီသန်း၊ ဦးမျိုးခိုင်–ဒေါ်လှလှသန်း၊ ဦးကျော်ဝင်း–ဒေါ်နုနုသန်းတို့၏ဖခင်၊ မြေး ၂၀၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၇–၆–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် အာရုတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ် ၈၀၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ဝါဝါ
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ အမှတ် ၁၁၃၉ နေ(ဦးချပ်ကာ)–ဒေါ်ကြင်စိန်တို့၏သမီး၊(ဦးဘကိန်း–ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီးစန်းအောင်(ငြိမ်း၊ ဗိုလ်သင်တန်းအပတ်စဉ်–၃၁)၏ဇနီး၊ (ဦးပျော့)–ဒေါ်ရှုကျင်၊ ဦးရန်စွမ်း–ဒေါ်ကျင်သန်း၊ (ဦးရှိန်မြင့်)–ဒေါ်တင်ကြည်၊ ဒေါ်ခင်ဖြူဝင်း (YGH)တို့၏ညီမ၊ ဒေါ်ချိုမွန် (ကကလုံ)၏အစ်မ၊ မခင်သီတာ၊ မခင်မြတ်သူ၊ မောင်နိုင်ဝမ်း၊ မောင်ကျော်သူအောင်၊ မောင်ညီဝင်းအောင်တို့၏မိခင်သည် ၁၆–၆–၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစောရွှေယုံ
တောအုပ်ကြီး(ငြိမ်း)
ဘားအံမြို့(မုက္ကဒီ)
အသက်(၉၀)

ဘားအံမြို့နယ်၊ မုက္ကဒီရွာနေ (ဦးစောအောင်ဖြိုး–ဒေါ်စိန်သွယ်)တို့၏ သား၊ ဘားအံမြို့၊ သာယာကုန်းရပ်ကွက်နေ ဒေါ်နှင်းရွှေ၏ခင်ပွန်း၊ (ဦးငွေသိန်း)–ဒေါ်နန်းအေးသန်း၊ ဦးတင့်လွင်–ဒေါ်နန်းညွန့်တင်၊ ဦးစောတင်ဝင်း(ခ)ဦးမောင်မောင်–ဒေါ်တင်နွဲ့နွဲ့ဦး၊ (ဦးမြခိုင်–ဒေါ်နန်ရှိလှ)တို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၄ရက်တွင် ဘားအံမြို့ စက်ပစ်ကွင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ညွန့် (ပခုက္ကူ)
အသက်(၈၇)နှစ်

၉–၆–၂၀၀၄ရက်တွင်ကွယ်လွန်သွားခဲ့သော ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်ညွန့်(ပခုက္ကူ) အသက်(၈၇)နှစ် နာမကျန်းစဉ်က နေအိမ်တွင် မေတ္တာဖြင့်ကုသပေးသော ဆရာဝန်ကြီးများအား လည်းကောင်း၊ ရွှေဂုံတိုင်အထူးကုဆေးခန်းမှ ဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမ၊ သူနာပြုဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးကြသော O.S.E မှလုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ မြန်မာ့သစ်လုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ တယ်လီဖုန်း၊ ကြေးနန်း၊ စာတို့ဖြင့်မေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအုန်းစိန်(ခ)ဦးဇေယျ
(ရွှေပန်းထိမ်)ခိုင်နှင်းဆီရွှေဆိုင်
ရွှေဂုံတိုင်၊ ဗဟန်း
အသက်(၅၁)နှစ်

မုဒုံမြို့၊ ဗိုလ်ကတဲရပ်နေ (ဦးသောင်းကျော်–ဒေါ်ရင်မေ)တို့၏သား၊ မုဒုံမြို့၊ ကွမ်တုံရှေ့ပိုင်း၊ မြတ်လေးလမ်းနေ ဦးအောင်ရွှေ–ဒေါ်ပုတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက် ၇၊ အခန်း ၂၄၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဒေါ်ချိုချိုနွယ်၏ခင်ပွန်း၊ ဒေါ်ခင်စမ်း၊ ဦးခင်ညွန့်၊ ဦးခင်သိန်း၊ မမြင့်အေးတို့၏ ညီ/မောင်၊ မလှသွင်၏အစ်ကို၊ မနဝါလင်း၊ မောင်ကျော်ဇေယျာလင်း၊ မောင်အောင်ကျော်ထွန်းတို့၏ဖခင်သည် ၁၇–၆–၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် နှင်းဆီကုန်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ညွန့်သိန်း
(ပျဉ်းမနား)
အသက်(၇၅)နှစ်

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ၇ လမ်း၊ ၆/၅၇ နေ (ဦးဘသိန်း–ဒေါ်လေးရင်)တို့၏သမီး၊ ဦးမြင့်ဇော်(ရဲမှူးကြီး၊ ငြိမ်း)၏ဇနီး၊ ဦးခင်ဇော်–ဒေါ်ခင်မြသိန်း၊ (ဦးဝင်းဇော်)–ဒေါ်နီလာအေး၊ ဗိုလ်မှူးဝင်းမွန် (ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး၊ လှိုင်ကော်)–ဒေါ်မီမီဇော်တို့၏မိခင်၊မြေးခြောက်ယောက်၏အဘွားသည် ၁၆–၆–၂၀၀၄ရက် ညနေ ၃း၁၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ပျဉ်းမနားမြို့ မြို့မသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးပု(ခ)ဦးမောင်ပု
(ပုသိမ်မြို့)
အသက်(၆၈)နှစ်

ဧရာဝတီတိုင်း၊ အသုတ်မြို့၊ ငက်ပျောတောကွင်းကျေးရွာနေ(ဦးမောင်အေး–ဒေါ်အုန်းစိန်)တို့၏သား၊ ကျုံပျော်မြို့နေ (ဦးရွှေကြယ်–ဒေါ်သူတော်)တို့၏ သားသမက်၊ ပုသိမ်မြို့နေ (ဒေါ်မြတင်)၏ခင်ပွန်း၊ဒုအရာခံဗိုလ်သောင်းထွန်းအေး–မမူမူသက် (စစ်သံရုံး၊ ဂျကာတာမြို့)၊ မောင်ကျော်ထိုက် (မြို့တော်စည်ပင်)၊ မခင်မြစိန်တို့၏ဖခင်သည် ၁၄–၆–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၂ နာရီတွင် ပုသိမ်မြို့၌ ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးချစ်ကိုကို
(ဝပ်ရှော့ဆရာ)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း၊ ငွေကြွယ်(က)ရပ်ကွက်၊ ဇဋိလလမ်း၊ အမှတ် ၄၈ နေ [ဦးအေးကို (လဝက၊ငြိမ်း)–ဒေါ်စန်းကြည်(ခ)မကြီး]တို့၏သားကြီး၊ ဦးကျော်မြင့် (ဆသရ၊ ငြိမ်း)–(ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်ခင်ချိုမြင့်၏ခင်ပွန်း၊ ဦးအောင်ထွန်းဦး–ဒေါ်အေးအေးနိုင် (လဝက၊ တာမွေမြို့နယ်)၊ ဦးထွန်းကိုကို–ဒေါ်ချိုချိုခိုင်တို့၏အစ်ကိုကြီး၊မောင်သူရကိုကို၊ မောင်သီဟကိုကို (VIII^{th}၊ အထက ၁၊ ရွှေပြည်သာ)၊မဥမ္မာကိုကို(VI၊အလက–၁၊ တာမွေ)၊ မောင်စည်သူကိုကို (II၊ အမက–၁၁၊ တာမွေ)၊ မဇေရီကိုကိုတို့၏ဖခင်သည် ၁၇–၆–၂၀၀၄ရက် မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ရင်
အသက်(၉၄)နှစ်

အမှတ် ၁၁၊ ဒဂုဏ်သီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဖိုးဟန်–ဒေါ်လှိုင်)တို့၏သမီး၊ (ဦးစိုးညွန့်)၏ဇနီး၊ (ဦးကြီးမောင်)၏ညီမ၊ (ဦးဘသောင်း)၊ (ဦးသိန်းအောင်)–ဒေါ်တင်ရီ၊ (ဒေါ်ကြန်)တို့၏အစ်မ၊ ဦးစိုးမြင့် (တရားရုံးရှေ့နေချုပ်၊ ဘာသာပြန်)–ဒေါ်အုန်းအုန်း၊ ဦးမြင့်စိုး (ခင်မြတ်သူစာပေ)–ဒေါ်သက်သက်ဆွေတို့၏မိခင်၊ကိုအောင်ကျော်စိုး–မအိသူဇာလှ၊ မခင်သီတာစိုး၊ မောင်နိုင်လင်းစိုး၊ မောင်ကျော်ဇေယျ၊ မခင်မြတ်သူ၊ မောင်ဝင်းပိုင်မိုးတို့၏ဘွားဘွား၊ မြစ်တစ်ဦး၏ဘွားဘွားကြီးသည် ၁၇–၆–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြား သိစေအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သင်းလှ (ထားဝယ်)
အသက်(၉၄)နှစ်

(ဦးစိန်မြိုင်–ဒေါ်သန်)တို့၏ သမီး၊ (ဆရာကြီးဦးလှဖေ)၏ဇနီး၊ ဦးဘဝင်း–ဒေါ်သန်းကြွယ်၊ ဦးစံမြင့်၊ ဦးတင်ဝင်း–ဒေါ်ခင်နိုင်၊ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၂၅၊ အခန်း ၄၇ နေ ဦးညွန့်အေး–ဒေါ်လှလှထွေးတို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၆–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

၂၂–၆–၂၀၀၄ရက်(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမ
ဒေါ်သန်းလှ
(နေလစတိုး)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၃၂ နှင့် မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးဘုရားလမ်း၊ချော်တွင်းကုန်း၊ တိုက် ၆၁၊ အခန်း ၄ နေ (ဦးမောင်စိန်–ဒေါ်ကျင်လှ)တို့၏ သမီးကြီး၊(ဦးခင်မောင်အေး)၏ဇနီး၊ ဦးအောင်ဟိန်း–ဒေါ်ခင်မာလွင်တို့၏ညီမ၊ ဒေါ်အေးမြင့်(စံပြရန်ကင်းဈေး)၊ ဦးအောင်သန်း–မကျင်အေး (ရွှေဟင်္သာစတိုး)၊ ဦးကျော်လွင်–ဒေါ်မြမြသန်း၊ ဒေါ်ခင်စန်းထွေး – (ဦးလှမင်း) (ရွှေပြည်စိုး ပွဲရုံ၊ မန္တလေး)တို့၏အစ်မ၊ ကိုအေးသွင်၊ ကိုတင်စိုး (ဟိန်းထက်အောင် ပွဲရုံ၊ မန္တလေး)၊ မတင်တင်ခိုင်–ကိုမိုးကျော်လင်း၊ ကိုတင်ထွန်းဝင်းတို့၏ မိခင်၊ မောင်ကောင်းထက်လင်း၏အဘွားသည် ၁၆–၆–၂၀၀၄ရက်တွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ကျောက်ကုန်း၊တပင်ရွှေထီးလမ်း၊ အမှတ် ၃၂ နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မသီဂီသန်း (တောင်ငူ)
အသက်(၃၃)နှစ်

တောင်ငူမြို့၊ ၅/၆၄၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ဦးသန်း–ဒေါ်ခင်ထွေးတို့၏ သမီးကြီး၊ (ဦးအက်ဒဝပ်ထွန်းကျော်)–ဒေါ်ဖလော်ရီဒါတို့၏သမီးချွေးမ၊ ကိုစောအောင်သန်းနိုင်၏ဇနီး၊ ကိုမျိုးသူရ–မသန္တာသန်း၊ မနီလာသန်းတို့၏အစ်မ၊ မောင်လပြည့်ဟိန်း၊ မောင်ပြည့်ဖြိုးဟိန်းတို့၏အဒေါ်သည် ၁၆–၆–၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ဂျပန်ဆေးရုံ)၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပန်းတောင်း–တောင်ကုတ်လမ်းစစ်ဆေး မကြာမီဖွင့်လှစ်မည့်ခဝါရေလှောင်တမံစီမံကိန်းကြည့်ရှု

ရန်ကုန် ဇွန် ၁၇

ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇွန် ၁၄ ရက် နံနက် ၇နာရီတွင် တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးအနီးတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူတည်ဆောက်ပြီး မကြာမီဖွင့်လှစ်မည့် ခဝါရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ဇွန် ၁၅ ရက်က ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)



ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ဗီဒီယိုမျက်လုံး စစ်ဆေးရေးစနစ်

မျက်လုံးတစ်လုံး၏ ဗီဒီယိုရုပ်ပုံကြီးကို လူတစ်ဦးက လေ့လာနေခြင်းဖြစ်သည်။ **(အပေါ်ပုံ)** ဗြိတိန်အစိုးရသည် နိုင်ငံခြားသားများ လာရောက်မည့် အဓိကလေဆိပ်ကြီးများ၌ မျက်စိသူငယ်အိမ်၏ မှတ်မိသိရှိမှုစနစ်ကို စစ်ဆေးစမ်းသပ်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

(အေအက်ဖ်ပီ)

အသက်၁၀၁နှစ်ရှိ လေထီးခုန်သမား

ဩစတြေးလျနိုင်ငံသားအမျိုးသားနှစ်ဦးက ရှေ့နောက်ထိုင်ခုံနှစ်ခုပါ လေထီးဖြင့် ဩစတြေးလျနိုင်ငံ ဒေသဆိုင်ရာ ဘောလုံးကွင်းတစ်ကွင်းအတွင်းသို့ လေထီးခုန်ဆင်းနေသည်ကို တွေ့ရခြင်းဖြစ်သည်။ **(အောက်ပုံ)** ၎င်းတို့နှစ်ဦးအနက် တစ်ဦးမှာ အသက် ၁၀၁နှစ်ရှိဩစတြေးလျအဘိုးအိုဖြစ်ပြီး ၎င်းသည် ကမ္ဘာ့အသက်အကြီးဆုံး လေထီးခုန်ဆင်းသူဖြစ်လာခဲ့သည်။ **(အေအက်ဖ်ပီ)**

ယူရို ၂၀၀၄ အုပ်စုပွဲစဉ်များ သုံးသပ်ချက်

ဂိုးမိုးခေါင်သည့်အီတလီ အဝါရောင်ဆွီဒင်ကိုနိုင်လေမလား ဘူဂေးရီးယားက ဒိန်းမတ်ကိုရှုံးလျှင် အိမ်ပြန်ရန်သေချာ

ကိုထွေး–သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၁၇

၂၀၀၄ခုနှစ် ဥရောပဖလား ဘောလုံး(Euro 2004)ကို ပေါ်တူဂီနိုင်ငံ၌ ဇွန် ၁၂ရက်မှ စတင်ကျင်းပလျက်ရှိရာ အုပ်စုပွဲစဉ်များ အရှိန်ကောင်းနေပြီဖြစ်သည်။ အုပ်စုတွင်း ဒုတိယမြောက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိကြရာ

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

အိမ်ရှင်ပေါ်တူဂီနှင့် ရုရှားပွဲတွင် ပေါ်တူဂီအတွက် ဒုတိယဂိုးကို ရူအီကော်စတာက သွင်းယူလိုက်ရာ ဂိုးဝင်သွားပြီးနောက် အနေအထားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)